# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (အများနှင့် သက်ဆိုင်သောကုမ္ပဏီ)




**The Bank We Trust**

## (၂၈) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့
## တင်သွင်းသည့်
## ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက် (တနင်္ဂနွေနေ့)

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၂၈)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်ပြသည့်ဒါရိုက်တာအဖွဲ့အစီရင်ခံစာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်အောက်တိုဘာလမှ၂၀၁၉ခုနှစ်နိုဝင်ဘာလလထိ ဘဏ်ဖွင့်လှစ်ခဲ့သည့်သက်တမ်းမှာ (၂၈)နှစ်တွင်းသို့ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ဒါရိုက်တာအဖွဲ့မှ အစုရှယ်ယာရှင်များကို ဘဏ်လုပ်ငန်းတိုးတက်မှုအခြေအနေအားသာချက်၊ အားနည်းချက်များကို ဓမ္မဓိဋ္ဌာန်ကျကျဆန်းစစ်ဝေဖန် အကြံဉာဏ်များ ပေးနိုင်ရန်နှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကိုအတည်ပြုပေးရန် တင်ပြပါသည်။

ယခုနှစ်တွင်ထူးခြားချက်အနေဖြင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းကိုစတင်ရန်ရှိသဖြင့်ဘဏ္ဍာရေးနှစ်ကူးပြောင်းကာလအဖြစ်၂၀၁၈ခုနှစ်ဧပြီလ(၁)ရက်မှစက်တင်ဘာလ(၃၀)ရက်အထိ(၆)လသတ်မှတ်ခဲ့သဖြင့်ဘဏ္ဍာရေးနှစ်ကူးပြောင်းကာလ(၆)လအတွက်စာရင်းချုပ်များရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ကို၂၀၁၈ခုနှစ်အောက်တိုဘာလ(၁)ရက်နေ့မှ၂၀၁၉ခုနှစ်စက်တင်ဘာလ(၃၀)ရက်နေ့ထိ နှစ်ချုပ်စာရင်း(တစ်)နှစ်ပိတ်ခဲ့ပါသည်။

**ဇယား - ၁ -**

### ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ဘဏ်လုပ်ငန်းအခြေအနေ

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၁၈)နေ့တွင်အပ်ငွေစုစုပေါင်းမှာ **ကျပ် ၁၈၅,၁၅၇. ၇၈သန်း** ရှိပြီး၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၁၉)နေ့တွင်**ကျပ် ၂၀၅,၅၁၉. ၃၅သန်း** ရှိခဲ့သဖြင့်**( ၁၀. ၉၉%)** တိုးတက်ခဲ့ပါသည်။ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေမှာ**ကျပ် ၁၇၅,၆၀၁. ၉၂သန်း** မှ **ကျပ်၁၇၉,၃၉၇. ၇၉သန်း** ရှိသဖြင့်**( ၂. ၁၆%)**တိုးပြီးထုတ်ချေးခဲ့ပါသည်။အသားတင်အမြတ်မှာ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် (၃၁-၃-၂၀၁၈)နေ့တွင်**ကျပ်၇,၈၀၁. ၀၉သန်း**ရရှိခဲ့ပြီး၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်(၃၀-၉-၂၀၁၉)နေ့တွင်**ကျပ်၇,၇၄၄. ၅၇သန်း** ရရှိခဲ့သဖြင့်**(၀. ၇၂%)**လျော့နည်းခဲ့ပါသည်။ဘဏ်လုပ်ငန်းအခြေအနေများ နှိုင်းယှဉ်ချက်ကိုဇယား(၁)တွင်အကျဉ်းချုပ်၍ ဖော်ပြထားပါသည်။

**ဇယား - ၁ -**

**ဘဏ်လုပ်ငန်းအခြေအနေများ နှိုင်းယှဉ်ချက်**

| အကြောင်းအရာ | | ၂၀၁၇-၂၀၁၈ (၃၁-၃-၂၀၁၈) | ၂၀၁၈-၂၀၁၉ (၃၀-၉-၂၀၁၉) | ခြားနားချက် |
|---|---|---|---|---|
| ၁။ ဘဏ်အပ်ငွေ | (ကျပ်သန်း) | ၁၈၅,၁၅၇. ၇၈ | ၂၀၅,၅၁၉. ၃၅ | ၁၀. ၉၉% |
| ၂။ ချေးငွေနှင့်စာရင်းပိုထုတ်ငွေများ | (ကျပ်သန်း) | ၁၇၅,၆၀၁. ၉၂ | ၁၇၉,၃၉၇. ၇၉ | ၂. ၁၆% |
| ၃။ အသားတင်အမြတ် | (ကျပ်သန်း) | ၇,၈၀၁. ၀၉ | ၇,၇၄၄. ၅၇ | -၀. ၇၂% |
| ၄။ အမြတ်ခွန် | (ကျပ်သန်း) | ၁,၅၆၀. ၂၂ | ၁,၅၄၈. ၉၁ | -၀. ၇၂% |
| ၅။ မခွဲဝေရသေးသည့် အမြတ်လက်ကျန် | (ကျပ်သန်း) | ၄,၉၇၀. ၇၃ | ၆,၅၂၈. ၄၉ | ၁,၅၅၇. ၇၆ |
| ၆။ အစုရှယ်ယာအရေအတွက် | (အစု) | ၂,၄၇၂,၀၅၃ | ၂,၄၇၂,၀၅၃ | - |
| ၇။ အစုရှယ်ယာရောင်းရငွေ | (ကျပ်သန်း) | ၂၄,၇၂၀. ၅၃ | ၂၄,၇၂၀. ၅၃ | - |
| ၈။ အစုရှယ်ယာရှင်ဦးရေ | (ဦးရေ) | ၈,၂၆၁ | ၈,၃၇၅ | ၁၁၄ |
| ၉။ အစုရှယ်ယာတစ်စုတန်ဖိုး | (ကျပ်) | ၂၃,၇၃၁. ၅၅ | ၂၅,၂၈၆. ၃၅ | ၁၅၅၄. ၈၀ |
| ၁၀။ရုံးချုပ်/ဘဏ်ခွဲများ | (ခုရေ) | ၃၄ | ၃၅ | ၁ |
| ၁၁။ဝန်ထမ်းဦးရေ | (ဦးရေ) | ၆၃၅ | ၆၄၄ | ၉ယောက် |
| ၁၂။ဘဏ်ပိုင်မြေနှင့်အဆောက်အဦ | (ခုရေ) | ၄၀ | ၄၆ | ၆ခု |

## ဘဏ်၏ခွင့်ပြုမတည်ငွေရင်းနှင့်ထည့်ဝင်ပြီးမတည်ငွေရင်းများ

ပထမပုဂ္ဂလိကဘဏ်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်တွင်ခွင့်ပြုမတည်ငွေရင်း (Authorized Capital) **ကျပ် သန်း၁,၀၀၀** ဖြင့်မတည်ထားပါသည်။ ခွင့်ပြုမတည်ငွေရင်းကို(၄-၁၀-၁၉၉၉)နေ့တွင်**ကျပ် သန်း၂,၀၀၀** (၁-၇-၂၀၀၅)နေ့တွင်**ကျပ်သန်း ၅,၀၀၀** (၇-၁-၂၀၀၈)နေ့တွင်**ကျပ်သန်း၁၀,၀၀၀**(၂၁-၁-၂၀၁၁)နေ့တွင်**ကျပ်သန်း ၃၀,၀၀၀** ၊(၁၄-၃-၂၀၁၄)နေ့တွင်**ကျပ်သန်း ၁၀၀,၀၀၀** ထိအဆင့်ဆင့်တိုးမြှင့်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကုန်တွင် ဘဏ်၏ခွင့်ပြုမတည်ငွေရင်းမှာ **ကျပ်သန်း ၁၀၀,၀၀၀** ဖြစ်ပြီးထည့်ဝင်ပြီးမတည်ငွေရင်း (Paid up Capital)မှာ **ကျပ် ၂၄,၇၂၀. ၅၃သန်း** ဖြစ်ပါသည်။

## ရောင်းချခဲ့သည့်အစုရှယ်ယာဈေးနှုန်းများ

ဘဏ်စတင်ဖွင့်လှစ်သည့်၁၉၉၂ခုနှစ်တွင်အစုရှယ်ယာတစ်စုလျှင် **ကျပ်၁၀,၀၀၀** ဖြင့် သတ်မှတ်ရောင်းချခဲ့ပါသည်။ ဘဏ်အမြတ်ငွေများနှစ်စဉ်တိုးတက်ရရှိခဲ့၍လည်းကောင်းနှစ်စဉ်အမြတ်ဝေစုများခွဲဝေပေးနိုင်ခဲ့၍လည်းကောင်း အစုရှယ်ယာဈေးနှုန်းများကိုအမြတ်တင်၍ကျပ်၁၁၀၀၀/၁၂၀၀၀/၁၃၀၀၀/၁၄၀၀၀/၁၅၀၀၀/၁၇၀၀၀/၁၈၀၀၀/၁၉၀၀၀/ ၂၀၀၀၀/၂၅၀၀၀/ ဖြင့်အဆင့်ဆင့်တိုးမြှင့်ရောင်းချခဲ့ပြီး(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် အစုတစ်စုလျှင် ကျပ် ၃၀၀၀၀/-ဖြင့်ရောင်းချခဲ့ပါသည်။အစုရှယ်ယာများကို အမြတ်တင် ရောင်းချရသည့်ငွေများကိုပရီမီယံစာရင်းတွင်ထည့်သွင်းထားရာ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ကုန်တွင် **ကျပ်၁၁,၈၄၅. ၈၈သန်း** ရှိပါသည်။

## အစုရှယ်ယာတစ်စုတန်ဖိုးတိုးတက်လာခြင်း

ပထမပုဂ္ဂလိကဘဏ်၏ပြင်ပစာရင်းစစ်အစီရင်ခံစာအရ အစုတစ်စုတန်ဖိုး (Book Value per Share) မှာ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်(၃၁-၃-၂၀၁၈)နေ့တွင် **ကျပ်၂၃,၇၃၁. ၅၅** ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၃၀-၉-၂၀၁၉)နေ့တွင်**ကျပ်၂၅,၂၈၆. ၃၅**ရှိသဖြင့်( **၆. ၅၅%** )တိုးတက်ခဲ့ပါသည်။အစုတစ်စုတန်ဖိုးကိုတွက်ချက်ရာတွင်ဘဏ်လက်ဝယ်ရှိငွေသားကိုသာအခြေခံတွက်ချက်ထားပြီး **ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏တိုးလာသည့်တန်ဖိုးများကိုထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။**

ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ လက်ရှိ ကာလတန်ဖိုးများကိုဘဏ်ရာဖြတ်များမှ ၂၀၁၉ခုနှစ်ဇွန်လတွင် ခန့်မှန်းတွက်ချက်ကြည့်ရာစုစုပေါင်းတန်ဖိုး**ကျပ် ၂၄,၈၈၈. ၆၂သန်း** ရှိပါသည်။ ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ ဝယ်ယူထားသည့် မူလတန်ဖိုးများနှင့်လက်ရှိကာလပေါက်ဈေးများကိုတွက်ချက်ပြီးနှိုင်းယှဉ်ရာတွင် အသားတင်တိုးလာသည့်တန်ဖိုး **ကျပ်၁၅,၉၂၃. ၉၄ သန်း** ကို ထည့်သွင်းတွက်ချက်ပါက **(၃၀-၉-၂၀၁၉) နေ့တွင် အစုရှယ်ယာတစ်စုတန်ဖိုးမှာ ကျပ် ၃၁,၇၂၈ခန့်**ရှိပါသည်။

## အစုရှယ်ယာပိုင်ဆိုင်ထားမှုအခြေအနေ

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်(၃၀-၉-၂၀၁၉)နေ့ထိထုတ်ဝေရောင်းချထားသည့်အစုရှယ်ယာ**(၂,၄၇၂,၀၅၃)စု** တန်ဖိုးငွေ**ကျပ်၂၄,၇၂၀. ၅၃သန်း** ဖြစ်ပြီးအစုရှယ်ယာရှင်ဦးရေမှာ**(၈,၃၇၅ )ဦး**ရှိပါသည်။(၃၀-၉-၂၀၁၉)နေ့တွင် Special Account တွင်အစုရှင်**( ၆,၄၄၂)ဦး(၇၇%)**အစုရှယ်ယာအရေအတွက်**(၁,၄၁၁,၉၈၂) စု** နှင့်ရန်ကုန်စတော့ အိပ်ချိန်းတွင်အရောင်းအဝယ်ပြုလုပ်ရန် Securities Account ဖွင့်လှစ်ထားသည့်အစုရှင်**( ၁,၉၃၃)ဦး(၂၃%)**အစုအစုရှယ်ယာအရေအတွက်**(၁,၀၆၀,၀၇၁)စု**ဖြစ်ပါသည်။(၃၀-၉-၂၀၁၉)နေ့ရှိ အစုရှယ်ယာရှင်များ၏ရှယ်ယာပိုင်ဆိုင်မှုအချိုးအစားကိုအောက်ပါဇယား( ၂ )တွင်ဖော်ပြထားပါသည်။

ဇယား- ၂-

အစုရှယ်ယာရှင်များ၏ ရှယ်ယာပိုင်ဆိုင်မှုအချိုးအစား

| | ရှယ်ယာအုပ်စု | Special A/C | Securities A/C | Total | % |
|---|---|---|---|---|---|
| ၁။ | ၁-၁၀ | ၃,၅၈၀ | ၅၈၁ | ၄,၁၆၁ | ၄၉. ၆၈ |
| ၂။ | ၁၁-၅၀ | ၁,၆၆၈ | ၅၆၇ | ၂,၂၃၅ | ၂၆. ၆၈ |
| ၃။ | ၅၁-၁၀၀ | ၃၄၇ | ၁၉၀ | ၅၃၇ | ၆. ၄၁ |
| ၄။ | ၁၀၁-၅၀၀ | ၅၀၉ | ၃၅၆ | ၈၆၅ | ၁၀. ၃၃ |
| ၅။ | ၅၀၁-၁၀၀၀ | ၁၀၈ | ၇၄ | ၁၈၂ | ၂. ၁၇ |
| ၆။ | ၁၀၀၁-၃၀၀၀ | ၁၄၆ | ၁၀၄ | ၂၅၀ | ၂. ၉၉ |
| ၇။ | ၃၀၀၁-၁၀၀၀၀ | ၅၇ | ၃၅ | ၉၂ | ၁. ၁၀ |
| ၈။ | ၁၀၀၀၁-၃၀၀၀၀ | ၂၄ | ၂၁ | ၄၅ | . ၅၄ |
| ၉။ | ၃၀၀၀၁နှင့်အထက် | ၃ | ၅ | ၈ | . ၁၀ |
| | **စုစုပေါင်း** | **၆,၄၄၂(၇၇%)** | **၁,၉၃၃(၂၃%)** | **၈,၃၇၅** | **၁၀၀** |

## အစုရှယ်ယာအများဆုံးပိုင်ဆိုင်ထားသူ(၁၀)ဦးစာရင်း

(၃၀-၉-၂၀၁၉)နေ့ရှိ ပထမပုဂ္ဂလိကဘဏ်အစုရှယ်ယာအများဆုံးပိုင်ဆိုင်ထားသူ(၁၀)ဦး၏ အမည်စာရင်းကို အောက်ပါဇယား(၃)တွင်ဖော်ပြထားပါသည်။

ဇယား( -၃-)

(၃၀-၉-၂၀၁၉)နေ့ရှိအစုရှယ်ယာအများဆုံးပိုင်ဆိုင်သူ(၁၀)ဦးစာရင်း

| | အမည် | အစုရှယ်ယာအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ဦးအောင်မိုးကျော် | ၉၇,၁၃၀ | ၃. ၉၂% |
| ၂။ | ဒေါ်ရွှေစင် | ၈၁,၅၀၀ | ၃. ၀၃% |
| ၃။ | ဒေါ်မာမာထွန်း | ၆၇,၃၅၇ | ၂. ၇၂% |
| ၄။ | ဦးနေလင်းဦး | ၆၂,၇၂၆ | ၂. ၅၄% |
| ၅။ | ဦးမောင်မောင်သိန်း | ၅၄,၆၇၁ | ၂. ၆၂% |
| ၆။ | ဦးလီဂျီဂွန်း | ၃၉,၇၈၈ | ၁. ၆၀% |
| ၇။ | ဒေါက်တာစိန်မောင် | ၃၉,၇၈၂ | ၁. ၆၀% |
| ၈။ | ဦးထွန်းဝင်းနိုင် | ၃၇,၀၄၀ | ၁. ၅၀% |
| ၉။ | ဦးခင်မောင်ဖေ | ၃၀,၀၀၀ | ၁. ၂၀% |
| ၁၀။ | ဦးစိုင်းမောင်မြင့် | ၂၉,၅၄၈ | ၁. ၂၀% |
| | **စုစုပေါင်း** | **၅၃၉,၅၄၂** | **၂၁. ၈၃%** |

(၃၀-၉-၂၀၁၉) နေ့ရှိ အစုရှယ်ယာအများဆုံးပိုင်ဆိုင်ထားသူ(၁၀)ဦး၏အစုရှယ်ယာပိုင်ဆိုင်မှုမှာ အစုရှယ်ယာအရေအတွက်**(၅၃၉,၅၄၂ )**စုဖြစ်ပြီး စုစုပေါင်းရောင်းချထားသည့်အစုရှယ်ယာများ၏ **(၂၁. ၈၃%)**ဖြစ်ပါသည်။

## ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှု

(၃၀-၉-၂၀၁၉)နေ့ ရှိဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာပိုင်ဆိုင်မှုနှင့်(၁-၁၀-၂၀၁၈)မှ (၃၀-၉-၂၀၁၉) နေ့ထိဒါရိုက်တာအဖွဲ့အစည်းအဝေးများသို့တက်ရောက်ခဲ့သည့်အကြိမ်ကိုအောက်ပါဇယား( ၄ )တွင်ဖော်ပြထားပါသည်။

ဇယား( -၄ -)

**(၃၀-၉-၂၀၁၉)နေ့ရှိဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာပိုင်ဆိုင်မှုစာရင်း**

| ဒါရိုက်တာအမည် | ရှယ်ယာအရေအတွက် | အစည်းအဝေးတက်ရောက်သည့်အကြိမ် |
|---|---|---|
| ၁။ ဒေါက်တာစိန်မောင် | ၃၉,၇၈၂ | ၁၂ ကြိမ် |
| ၂။ ဒေါ်လှလှဝင်း | ၇,၂၆၀ | ၁၁ ကြိမ် |
| ၃။ ဦးထွန်းဆိုင် | ၃,၁၁၄ | ၈ ကြိမ် |
| ၄။ ဦးမျိုးထွန်း | ၁၃,၉၂၀ | ၇ ကြိမ် |
| ၅။ ဦးကောင်း | ၂၃,၀၈၄ | ၁၁ ကြိမ် |
| ၆။ ဒေါက်တာတင်ကြည် | ၅,၉၇၀ | ၈ ကြိမ် |
| ၇။ ဦးဟန်မြင့် | ၆,၇၈၈ | ၆ ကြိမ် |
| ၈။ ဦးမြင့်လွင် | ၁၂,၅၀၀ | ၁၀ ကြိမ် |
| ၉။ ဦးထင်အောင်ကျော်ဦး | ၁၂,၃၄၅ | ၉ ကြိမ် |
| ၁၀။ ဒေါက်တာတင်သိန်း | ၂၈၂ | ၈ ကြိမ် |
| ၁၁။ ဒေါက်တာအောင်မင်း | ၃၀၂ | ၁၀ ကြိမ် |
| ၁၂။ ဦးသိန်းမြင့် | ၅၄၃ | ၆ ကြိမ် |
| ၁၃။ ဦးကပ်ခင်းပေါင်(Independent Director) | ၁၅၁ | ၉ ကြိမ် |
| **စုစုပေါင်း** | **၁၂၆,၀၄၁** | |

(၃၀-၉-၂၀၁၉) နေ့ရှိဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာပိုင်ဆိုင်မှုမှာ စုစုပေါင်းအစုရှယ်ယာအရေအတွက်မှာ**(၁၂၆,၀၄၁ )စု**ဖြစ်ပြီး စုစုပေါင်းရောင်းချထားသည့်အစုရှယ်ယာ၏ **(၅. ၁၀%)**ဖြစ်ပါသည်။

## ၂၀၁၈ဘဏ္ဍာရေးနှစ် (၆)လဘဏ်လုပ်ငန်းအခြေအနေ

## (၁-၄-၂၀၁၈နေ့မှ၃၀-၉-၂၀၁၈နေ့ထိ)

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းကိုစတင်ရန်ရှိသဖြင့်ဘဏ္ဍာရေးနှစ်ကူးပြောင်းကာလအဖြစ်၂၀၁၈ခုနှစ်ဧပြီလ(၁)ရက်နေ့မှစက်တင်ဘာလ(၃၀)ရက်နေ့အထိ(၆)လသတ်မှတ်ခဲ့သဖြင့်ဘဏ္ဍာရေးနှစ်(၆)လအတွက်စာရင်းချုပ်များရေးဆွဲခဲ့ပါသည်။

၂၀၁၈ဘဏ္ဍာရေးနှစ် (၆)လတွင်ရငွေစုစုပေါင်းမှာ **ကျပ်၁၂,၈၆၆. ၈၇သန်း** ရှိပြီး ၂၀၁၇ဘဏ္ဍာရေးနှစ်(၆)လတွင် **ကျပ်၁၂,၀၄၉. ၂၇သန်း** ရှိပါသည်။ ရငွေစုစုပေါင်းမှာ**(၆. ၇၈%)**တိုးတက်ခဲ့ပါသည်။ရငွေများတိုးတက်လာသကဲ့သို့အတိုးစရိတ်အပါအဝင်အသုံးစရိတ်များမှာလည်း တိုးမြင့်ခဲ့ပါသည်။၂၀၁၈ဘဏ္ဍာရေးနှစ် (၆)လတွင် အသုံးစရိတ်စုစုပေါင်းမှာ **ကျပ်၉,၆၆၈. ၇၁သန်း** ရှိပြီး၂၀၁၇ဘဏ္ဍာရေးနှစ်(၆)လတွင် **ကျပ်၈,၀၅၆. ၉၉သန်း**ရှိပါသည်။ အသုံးစရိတ်စုစုပေါင်းမှာ**(၂၀%)ပို**မိုကုန်ကျခဲ့ပါသည်။ ၂၀၁၈ဘဏ္ဍာရေး နှစ်(ခြောက်လ)တွင်အခွန်မနုတ်မီအမြတ်မှာ **ကျပ်၃,၁၉၈. ၁၆သန်း** ရရှိပြီး၊၂၀၁၇ဘဏ္ဍာရေးနှစ်(ခြောက်လ)တွင် **ကျပ်၃,၉၉၂. ၂၈သန်း** ရရှိခဲ့သောကြောင့် အသားတင်အမြတ်မှာ**ကျပ်၇၉၄. ၁၂သန်း (၁၉. ၈၉%)**လျော့နည်းခဲ့ပါသည်။

အရှုံးအမြတ်နှိုင်းယှဉ်ချက်ကိုဇယား( ၅)တွင်ဖော်ပြထားပါသည်။

**ယေား - ၅ -**

**၂၀၁၈ဘဏ္ဍာရေးနှစ်(၆)လအရှုံး–အမြတ်နှိုင်းယှဉ်ချက်**

**( ကျပ်သန်း )**

| **အကြောင်းအရာ** | **၂၀၁၇စုနှစ်(၆လ)** | **၂၀၁၈(၆လ)** | **ရာခိုင်နှုန်း** |
|---|---|---|---|
| **ရငွေ** | | | |
| အတိုးရငွေ | ၁၀၄၉၂. ၄၀ | ၁၁၃၃၆. ၆၈ | ၈. ၀၅ |
| အခြားရငွေ | ၁၅၅၆. ၈၇ | ၁၅၃၀. ၁၉ | -၁. ၇၂ |
| **ရငွေစုစုပေါင်း** | **၁၂,၀၄၉. ၂၇** | **၁၂၈,၆၆. ၈၇** | **၆. ၇၈** |
| **အသုံးစရိတ်** | | | |
| အတိုးစရိတ် | ၆,၇၀၅. ၈၂ | ၇,၉၀၅. ၆၁ | ၁၇. ၈၉ |
| လုပ်ငန်းကုန်ကျစရိတ် | ၁,၃၅၁. ၁၇ | ၁,၇၆၃. ၁၀ | ၃၀. ၄၉ |
| **အသုံးစရိတ်စုစုပေါင်း** | **၈,၀၅၆. ၉၉** | **၉,၆၆၈. ၇၁** | **၂၀. ၀၀** |
| **အခွန်မနှုတ်မီအမြတ်** | **၃,၉၉၂. ၂၈** | **၃,၁၉၈. ၁၆** | **-၁၉. ၈၉** |

**၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ်အရှုံး အမြတ်အခြေအနေ**

**(၁–၁၀–၂၀၁၈ နေ့မှ၃၀–၉–၂၀၁၉)နေ့ထိ**

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် တွင် ရငွေစုစုပေါင်းမှာ **ကျပ်၂၆,၂၃၅. ၁၀သန်း** ရှိပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် **ကျပ်၂၄,၃၃၅. ၂၇သန်း** ရှိပါသည်။ရငွေစုစုပေါင်းမှာ**(၇. ၈၀%)**တိုးတက်ခဲ့ပါသည်။ရငွေများတိုးတက်လာသကဲ့သို့အတိုးစရိတ်အပါအဝင်အသုံးစရိတ်များမှာလည်း တိုးမြင့်ခဲ့ပါသည်။၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်အသုံးစရိတ်စုစုပေါင်းမှာ **ကျပ်၁၈,၄၉၀. ၅၃သန်း** ရှိပြီး၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် **ကျပ်၁၆,၅၃၄. ၁၈သန်း** ရှိပါသည်။ အသုံးစရိတ်စုစုပေါင်းမှာ**(၁၁. ၈၃%)**ပိုမိုကုန်ကျခဲ့ပါသည်။ပင်မဘဏ်လုပ်ငန်းစနစ်သစ်(Core Banking System)အတွက်ကွန်ပြူတာနှင့် Soft ware တန်ဖိုးလျော့စရိတ်တိုးလာမှုမှာ**ကျပ်၄၂၃. ၄၄သန်း**ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာရေး နှစ်တွင်အခွန်မနှုတ်မီအမြတ်မှာ**ကျပ်၇,၇၄၄. ၅၇သန်း** ရရှိပြီး၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်**ကျပ်၇,၈၀၁. ၀၉သန်း**ရရှိခဲ့သောကြောင့်အသားတင်အမြတ်မှာ**ကျပ်၅၆. ၅၂သန်း(၀. ၇၂%)** လျော့နည်းခဲ့ပါသည်။

အရှုံးအမြတ်နှိုင်းယှဉ်ချက်ကိုဇယား(၆)တွင်ဖော်ပြထားပါသည်။

**ဇယား -၆-**

**အရှုံး –အမြတ် နှိုင်းယှဉ်ချက်**

**( ကျပ်သန်း )**

| **အကြောင်းအရာ** | **၂၀၁၇–၂၀၁၈** | **၂၀၁၈–၂၀၁၉** | **ရာခိုင်နှုန်း** |
|---|---|---|---|
| **ရငွေ** | | | |
| အတိုးရငွေ | ၂၁,၀၄၅. ၂၈ | ၂၃,၁၂၃. ၄၅ | ၉. ၈၇ |
| အခြားရငွေ | ၃,၂၈၉. ၉၉ | ၃,၁၁၁. ၆၅ | ၅. ၄၂ |
| **ရငွေစုစုပေါင်း** | **၂၄,၃၃၅. ၂၇** | **၂၆,၂၃၅. ၁၀** | **၇. ၈၀** |
| **အသုံးစရိတ်** | | | |
| အတိုးစရိတ် | ၁၃,၈၄၃. ၁၀ | ၁၄,၈၂၁. ၀၂ | ၇. ၀၆ |
| လုပ်ငန်းကုန်ကျစရိတ် | ၂,၆၉၁. ၀၈ | ၃,၆၆၉. ၅၁ | ၃၆. ၁၀ |
| **အသုံးစရိတ်စုစုပေါင်း** | **၁၆,၅၃၄. ၁၈** | **၁၈,၄၉၀. ၅၃** | **၁၁. ၈၃** |
| **အခွန်မနှုတ်မီအမြတ်** | **၇,၈၀၁. ၀၉** | **၇,၇၄၄. ၅၇** | **-၀. ၇၂** |

## အစုရှင်များ၏ ရပိုင်ခွင့်များတိုးတက်လာခြင်း

အစုရှင်များ၏ရပိုင်ခွင့်များမှာ(၃၁-၃-၂၀၁၈)နေ့တွင် **ကျပ်၅၈,၆၆၅. ၆၅သန်း**ရှိပြီး(၃၀-၉-၂၀၁၉)နေ့တွင် **ကျပ်၆၂,၅၀၉. ၂၀သန်း**ရှိသောကြောင့်**(၆. ၅၅%)** တိုးတက်ခဲ့ပါသည်။ အစုတစ်စုတန်ဖိုး(Value per share) မှာ(၃၁-၃-၂၀၁၈)နေ့တွင်**ကျပ် ၂၃,၇၃၁. ၅၅**မှ(၃၀-၉-၂၀၁၉)နေ့တွင်**ကျပ် ၂၅,၂၈၆. ၃၅** ထိတိုးခဲ့သဖြင့်အစုတစ်စုလျှင်**ကျပ်၁,၅၅၄. ၈၀** တိုးခဲ့ပါသည်။

အစုရှင်များ၏ရပိုင်ခွင့်များတိုးတက်မှုကို ဇယား( ၇ )တွင်နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား( -၇-)**

**အစုရှင်များ၏ ရပိုင်ခွင့်များတိုးတက်လာခြင်း**

**(ကျပ် သန်း)**

| | **၂၀၁၇–၂၀၁၈** | **၂၀၁၈–၂၀၁၉** |
|---|---|---|
| ၁။ ထည့်ဝင်ပြီးမတည်ငွေရင်း | ၂ ၄,၇၂၀. ၅၃ | ၂၄,၇၂၀. ၅၃ |
| ၂။ ရှယ်ယာပရီမီယံ | ၁၁,၈၄၆. ၁၂ | ၁၁,၈၄၅. ၈၈ |
| ၃။ အထွေထွေသီးသန့်ရန်ပုံငွေ | ၁၃,၅၀၆. ၆၅ | ၁၅,၆၉၅. ၂၀ |
| ၄။ ကြွေးဆုံးရန်ပုံငွေ | ၃,၅၁၂. ၀၄ | ၃,၆၀၈. ၄၃ |
| ၅။ အရေးပေါ်သီးသန့်ရန်ပုံငွေ | ၁၀၁. ၇၀ | ၁၀၂. ၅၆ |
| ၆။ အခြားရန်ပုံငွေများ | ၈. ၁၂ | ၈. ၁၂ |
| ၇။ မခွဲဝေရသေးသည့်အမြတ်လက်ကျန် | ၄,၉၇၀. ၇၃ | ၆,၅၂၈. ၄၉ |
| **အစုရှင်များ၏ရပိုင်ခွင့်စုစုပေါင်း** | **၅၈,၆၆၅. ၆၅** | **၆၂,၅၀၉. ၂၀** |
| **အစုတစ်စုတန်ဖိုး(Value per share)ကျပ်** | **၂၃,၇၃၁. ၅၅** | **၂၅,၂၈၆. ၃၅** |

**မှတ်ချက်** ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ဝယ်ယူထားသည့် မူလတန်ဖိုးများနှင့်လက်ရှိကာလပေါက်ဈေးများကိုတွက်ချက်ပြီးနှိုင်းယှဉ်ရာတွင် အသားတင်တိုးလာသည့်တန်ဖိုး ကို ထည့်သွင်းတွက်ချက်ပါက **(၃၀-၉-၂၀၁၉)** နေ့တွင် အစုတစ်စု၏ အမှန်တကယ်တန်ဘိုး(Fair value)မှာ **ကျပ် ၃၁,၇၂၈**ရှိပါသည်။

## ၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ် အမြတ်ငွေများကိုခွဲဝေလျာထားခြင်း

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်(၃၀-၉-၂၀၁၉)တွင်အခွန်မနှုတ်မီအသားတင်အမြတ်မှာ **ကျပ်၇,၇၄၄. ၅၇သန်း** ရရှိခဲ့ပြီးအမြတ်များကိုအောက်ပါအတိုင်းခွဲဝေလျာထားခဲ့ပါသည်။

| | |
|---|---|
| ၁။ နိုင်ငံတော်သို့ အမြတ်ခွန် (၂၀%) | ကျပ် ၁,၅၄၈. ၉၁သန်း |
| ၂။ အထွေထွေသီးသန့်ရန်ပုံငွေ (၂၅%) | ကျပ် ၁,၅၄၈. ၉၁သန်း |
| ၃။ မခွဲဝေရသေးသည့်အမြတ်လက်ကျန် | ကျပ် ၄,၆၄၆. ၇၅သန်း |
| **စုစုပေါင်း** | **ကျပ် ၇,၇၄၄. ၅၇သန်း** |

## ၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ်ဘဏ္ဍာရေးအချိုးများ

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်နှင့်၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက်ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်ကို ဇယား(၈)တွင်ဖော်ပြထားပါသည်။ ဘဏ္ဍာရေးအချိုးများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်နှင့်အညီ တွက်ချက်ထားခြင်းဖြစ်ပါသည်။

**ဇယား – ၈–**

**ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်**

| | 2017–2018 | 2018–2019 |
|---|---|---|
| ၁။ ငွေကြေးလွယ်ကူမှုအချိုး | ၂၃. ၁၂% | ၃၃. ၈၅% |
| ၂။ မတည်ငွေရင်းလုံလောက်မှုအချိုး(Tier-1) | ၂၂. ၁၇% | ၂၃. ၁၆% |
| ၃။ မတည်ငွေရင်းလုံလောက်မှုအချိုး(Tier-1+2) | ၂၃. ၄၂% | ၂၄. ၄၁% |
| ၄။ ငွေရေးကြေးရေးခိုင်မာမှုအချိုး | ၁. ၃၁ း ၁ | ၁. ၂၈ း ၁ |
| ၅။ အစုရှင်များထည့်ဝင်ငွေပေါ်ပြန်ရချက် | | |
| အခွန်မနှုတ်မီ | ၃၁. ၅၆% | ၃၁. ၃၃% |
| အခွန်နှုတ်ပြီး | ၂၅. ၂၅% | ၂၅. ၀၆% |
| ၆။ အစုရှင်များ၏ခံစားခွင့်အချိုး | ၂. ၃၇ း ၁ | ၂. ၅၃ း ၁ |
| ၇။ စုစုပေါင်းရပိုင်ခွင့်ပေါ်အမြတ်ပြန်ရနှုန်း | ၂. ၄၉% | ၂. ၁၄% |
| ၈။ ဈေးနှုန်းနှင့်ဝင်ငွေအချိုး(PE)ratio | ၁၀. ၆၉ | ၁၀. ၃၇ |
| ၉။ အစုတစ်စုပေါ်ပြန်ရချက် (EPS)(ကျပ်) | ၂,၅၂၄. ၅၇ | ၂,၅၀၆. ၂၈ |
| ၁၀။ အစုတစ်စုတန်ဖိုး (ကျပ်) (Book Value)* | ၂၃,၇၃၂ | ၂၅,၂၈၆ |

*ဘဏ်လက်ဝယ်ရှိငွေသားကိုသာအခြေခံတွက်ချက်ထားပါသည်။

## ၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ်အမြတ်ဝေစုခွဲဝေပေးရန်လျာထားခြင်း

၂၀၁၈ခုနှစ်ဘဏ္ဍာရေး(၆)လချုပ်(၃၀-၉-၂၀၁၈)နေ့တွင်ရရှိသည့်အသားတင်အမြတ်မှအမြတ်ဝေစုခွဲဝေပေးရန်လျာထားငွေမှာ**ကျပ်၁,၈၈၁. ၇၄သန်း**ဖြစ်ပြီး၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်အမြတ်ဝေစုခွဲဝေပေးရန်လျာထားငွေမှာ **ကျပ်၄,၆၄၆. ၇၄သန်း** ဖြစ်ပါသည်။(၃၀-၉-၂၀၁၉)နေ့တွင်မခွဲရသေးသည့်အမြတ်လက်ကျန်(Retained Earning) မှာ**ကျပ် ၆,၅၂၈. ၄၉သန်း**ရှိပါသည်။

၁၉၉၃-၁၉၉၄ဘဏ္ဍာရေးနှစ်မှ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ အမြတ်ဝေစု(၂၅)ကြိမ်ခွဲဝေပေးခဲ့ပြီး ခွဲဝေပေးခဲ့သည့် အမြတ်ဝေစု စုစုပေါင်းမှာ **ကျပ်၃၆,၉၆၅. ၀၅သန်း** ရှိပါသည်။ (၃၀-၉-၂၀၁၉)နေ့တွင် ထည့်ဝင်ပြီး မတည်ငွေရင်း(Paid up Capital)မှာ **ကျပ်၂၄,၇၂၀. ၅၃ သန်း** ရှိ၍ ခွဲဝေပြီးသည့်အမြတ်ဝေစု စုစုပေါင်းမှာရှယ်ယာများရောင်းချရငွေထက် **ကျပ် ၁၂,၂၄၄. ၅၂သန်း** ပိုများပါသည်။

## အမြတ်ဝေစုခံစားခွင့်ရှိသည့်အစုရှယ်ယာများသတ်မှတ်ခြင်း

ပထမပုဂ္ဂလိကဘဏ်သည်ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ(Listed Company)အဖြစ်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။(၂၇-၉-၂၀၁၉)နေ့တွင်ကျင်းပသည့် ၉/၂၀၁၉ကြိမ်မြောက်ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ၂၀၁၉ခုနှစ်စက်တင်ဘာလ(၃၀)ရက်(၃၀-၉-၂၀၁၉)နေ့အရောင်းအဝယ်ပိတ်သိမ်းချိန်(ရန်ကုန်စတော့အိပ်ချိန်းမှ Record date (၄-၁၀-၂၀၁၉)နေ့)ရှိ အစုရှယ်ယာပိုင်ဆိုင်ထားသူများကိုအမြတ်ဝေစုခွဲဝေပေးမည်ဖြစ်ကြောင်းဆုံးဖြတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍(၃၀-၉-၂၀၁၉)နေ့ရှိအစုရှယ်ယာပိုင်ဆိုင်ထားသူများကို၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုများကိုခွဲဝေပေးမည်ဖြစ်ပါသည်။

## အမြတ်ဝေစုခွဲဝေခြင်းဆိုင်ရာညွှန်ကြားချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၇ခုနှစ်မတ်လ(၇)ရက်နေ့စွဲဖြင့်ညွှန်ကြားချက်အမှတ်(၅/၂၀၁၇)ကိုထုတ်ပြန်ခဲ့ပါသည်။ပထမပုဂ္ဂလိကဘဏ်သည်ဗဟိုဘဏ်၏ညွှန်ကြားချက်ကိုပြည့်မီစွာလိုက်နာနိုင်ပါသည်။

အကျဉ်းချုပ်တင်ပြရလျှင်-

(၁)ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ(၄၀)ပါ ပြဋ္ဌာန်းချက်များကိုပြည့်မီစွာလိုက်နာနိုင်ပါသည်။

ပြဋ္ဌာန်းချက်ပါရရန်ပိုင်ခွင့်တန်ဖိုးစုစုပေါင်းသည် ပေးရန်တာဝန်စုစုပေါင်းနှင့် မတည်ရင်းနှီးငွေစုစုပေါင်း ထက်လျော့နည်းမှုမရှိပါ။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ညွှန်ကြားချက်အမှတ်(၅/၂၀၁၇)တွင်ဖော်ပြထားသည့်

(က) အမြတ်ဝေစုခွဲဝေမည့် ဘဏ္ဍာရေးနှစ်နှင့် ယင်းဘဏ္ဍာရေးနှစ်မတိုင်မီ(၂)နှစ်၏ မတည်ငွေရင်း လုံလောက်မှုအချိုးသည် အနည်းဆုံးပျှမ်းမျှ(၈%)ကိုအောက်တွင်ဖော်ပြထားသည့်အတိုင်း ပြည့်မီ ကျော်လွန်ပါသည်။

၂၀၁၇ မတ်လတွင် (၂၄.၅၆%)၊ ၂၀၁၈ မတ်လတွင် (၁၅.၄၂%)၊ ၂၀၁၉ မတ်လတွင် (၁၄.၇၄%)၊ ၂၀၁၉ စက်တင်ဘာလတွင် (၁၆.၄၁%)ရှိပါသည်။

(ခ) ပြင်ပစာရင်းစစ်၏စစ်ဆေးချက်သည် အမြတ်ကိုထိခိုက်စေသော မှားယွင်းမှုများကင်းရှင်းပါသည်။

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၃၅(က)အရ
အထွေထွေသီးသန့်ရန်ပုံငွေများကိုပြည့်မီစွာထားရှိခြင်း **ကျပ်၁၅,၆၉၅သန်း**လျာထားပါသည်။
ချေးငွေဆုံးရှုံးမှုအတွက်သတ်မှတ်ချက်နှင့်အညီလျာထားခြင်း **ကျပ် ၃,၆၀၈သန်း**လျာထားပါသည်။

(ဃ) အမြတ်ဝေစုများကိုဘဏ်၏မခွဲဝေရသေးသောအမြတ်ငွေမှခွဲဝေပေးမည်ဖြစ်ပါသည်။ယခုနှစ်ခွဲဝေပေး သောစုစုပေါင်းအမြတ်ဝေစုပမာဏသည်ယခင်နှစ်၏အသားတင်အမြတ်ပမာဏထက် ကျော်လွန် ခြင်းမရှိပါ။

(င) ပြင်ပစာရင်းစစ်မှအမြတ်ဝေစုခွဲဝေခြင်းကိုကန့်ကွက်ခြင်းမရှိပါ။

(စ) ရလမ်းမရှိသောနှင့်ရရန်မသေချာသောအသားတင်ချေးငွေ(Net Non Performing Loan)နှင့်စုစုပေါင်း ချေးငွေ(Total Loan)အချိုးမှာ(၉-၁၀-၂၀၁၉)နေ့တွင်(၅.၅၆%)ရှိသည်မှအပဖော်ပြပါညွှန်ကြားချက် များအားလုံးနှင့်ကိုက်ညီပြီးတိကျစွာလိုက်နာပါသည်။

## ၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုခွဲဝေပေးရန်ဆုံးဖြတ်ခြင်း

ပထမပုဂ္ဂလိကဘဏ်ဒါရိုက်တာအဖွဲ့၏(၁၉-၁၀-၂၀၁၉)နေ့ကကျင်းပပြုလုပ်သော(၁၀/၂၀၁၉)အစည်းအဝေး မှ၂၀၁၈-၁၀၁၉ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုခွဲဝေပေးရန်တစ်ညီတစ်ညွတ်တည်းဆုံးဖြတ်ခဲ့ပါသည်။

## နိုင်ငံတော်သို့ဝင်ငွေခွန်များထမ်းဆောင်ခြင်း

ပထမပုဂ္ဂလိကဘဏ်သည်နှစ်စဉ်နိုင်ငံတော်သို့ဝင်ငွေခွန်များကိုတိတိကျကျမှန်မှန်ကန်ကန်ပေးဆောင်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်ဘဏ္ဍာရေးနှစ်(၆)လချုပ်(၃၀-၉-၂၀၁၈)နေ့တွင်ရရှိသည့်အသားတင်အမြတ်မှဝင်ငွေခွန်**ကျပ်၆၃၉.၉၀သန်း** ပေးဆောင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်အခွန်မနုတ်မီအသားတင်အမြတ်မှာ **ကျပ်၇,၇၄၄.၅၇သန်း** ရရှိခဲ့ပြီးဝင်ငွေခွန် **ကျပ်၁,၅၄၈.၉၁သန်း**ထမ်းဆောင်ခဲ့ပါသည်။၁၉၉၂-၁၉၉၃ဘဏ္ဍာရေးနှစ်မှ၂၀၁၈-၂၀၁၉ဘဏ္ဍာ ရေးနှစ်အထိ နိုင်ငံတော်သို့ထမ်းဆောင်ခဲ့သည့် ဝင်ငွေခွန်စုစုပေါင်းမှာ **ကျပ် ၂၁,၃၆၉သန်း** ဖြစ်ပါသည်။

ပထမပုဂ္ဂလိကဘဏ်သည်၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်မြန်မာတစ်နိုင်ငံလုံးတွင်ဝင်ငွေခွန်အများဆုံးထမ်း ဆောင်သည့်**အဆင့်(၂၇)**ဖြစ်ပြီး၊ ဘဏ်များအနက်**အဆင့်(၆)**ဖြစ်ပါသည်။

၁၉၉၂-၁၉၉၃မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အထိ ရရှိခဲ့သည့်အမြတ်ငွေများနှင့်ပေးဆောင်ခဲ့သည့်ဝင်ငွေခွန်များနှင့် အမြတ်ဝေစုလျာထားငွေများကိုဇယား( ၉)တွင်ဖော်ပြထားပါသည်။

**ဇယား(- ၉ -)**

**အမြတ်၊အမြတ်ဝေစု နှင့်ဝင်ငွေခွန်ပေးဆောင်မှုရှိုင်းယှဉ်ချက်**

**(ကျပ် သန်း)**

| ဘဏ္ဍာရေးနှစ် | အမြတ်ငွေ | ဝင်ငွေခွန် | အမြတ်ဝေစုလျာထားငွေ |
|---|---|---|---|
| ၁။ ၁၉၉၂-၁၉၉၃မှ၂၀၁၂-၂၀၁၃ | ၃၁၄,၀၁ | ၉,၁၂၆ | ၁၄,၃၄၇ |
| ၂။ ၂၀၁၃-၂၀၁၄ | ၈,၀၄၈ | ၂,၀၁၁ | ၄,၀၀၀ |
| ၃။ ၂၀၁၄-၂၀၁၅ | ၈,၇၆၂ | ၂,၁၈၉ | ၄,၄၁၀ |
| ၄။ ၂၀၁၅-၂၀၁၆ | ၈,၅၄၉ | ၂,၁၃၇ | ၄,၃၂၀ |
| ၅။ ၂၀၁၆-၂၀၁၇ | ၈,၆၃၃ | ၂,၁၅၈ | ၄,၉၄၄ |
| ၆။ ၂၀၁၇-၂၀၁၈ | ၇,၈၀၁ | ၁,၅၆၀ | ၄,၉၄၄ |
| ၇။ ၂၀၁၈(၆လ) | ၃,၁၉၈ | ၆၃၉ | ၁၈၈၁ |
| ၈။ ၂၀၁၈-၂၀၁၉ | ၇,၇၄၅ | ၁,၅၄၉ | ၄,၆၄၇ |
| **စုစုပေါင်း** | **၈၄,၁၃၇** | **၂၁,၃၆၉** | **၄၃,၄၉၃** |

## ၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ် အပ်ငွေများအခြေအနေ

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ဘဏ်အပ်ငွေများပိုမိုတိုးတက်ရရှိခဲ့ပါသည်။၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်အပ်ငွေပမာဏမှာ **ကျပ် ၂၀၅,၅၁၅. ၅၉သန်း** ဖြစ်ပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် **ကျပ် ၁၈၅,၁၅၇. ၇၈သန်း** ထိတိုးတက်ခဲ့သဖြင့်ဘဏ်အပ်ငွေစုစုပေါင်းမှာ**ကျပ်၂၀,၃၆၁. ၅၇သန်း (၁၀. ၉၉%)** တိုးတက်ခဲ့ပါသည်။ထို့အတူ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်ဘဏ်အပ်ငွေအတိုးစရိတ်မှာ**ကျပ် ၁၄,၈၂၁. ၀၂သန်း**ဖြစ်ပြီး၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် **ကျပ်၁၃,၈၄၃. ၁၀သန်း**ဖြစ်သဖြင့်**ကျပ်၉၇၇. ၉၂သန်း(၇. ၀၆%)**ပိုပေးခဲ့ရပါသည်။
စာရင်းအမျိုးအစားအလိုက်ဘဏ်အပ်ငွေများအခြေအနေကို ဇယား( ၁၀ )တွင်ဖေါ်ပြထားပါသည်။

**ဇယား – ၁၀–**

**စာရင်းအမျိုးအစားအလိုက်ဘဏ်အပ်ငွေများ**

**(ကျပ် သန်း)**

| စဉ် | အကြောင်းအရာ | ၂၀၁၇–၂၀၁၈ | ၂၀၁၈–၂၀၁၉ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | စာရင်းရှင်အပ်ငွေ | ၁၂,၇၅၇. ၄၃ | ၂၇,၄၁၀. ၇၆ | ၁၁၄. ၈၆ |
| ၂။ | ငွေစုဘဏ်အပ်ငွေ | ၁၀၁,၀၆၉. ၄၅ | ၁၁၉,၃၀၀. ၈၃ | ၁၈. ၀၄ |
| ၃။ | စာရင်းသေအပ်ငွေ | ၆၈,၅၂၆. ၆၄ | ၅၆,၀၈၅. ၇၀ | -၁၈. ၁၆ |
| ၄။ | ခေါ်ယူအပ်နှံငွေ | ၂,၇၁၀. ၂၃ | ၂,၆၁၇. ၀၀ | -၃. ၄၄ |
| ၅။ | Mobile Money | ၉၄. ၀၃ | ၁၀၅. ၀၆ | ၈. ၀၇ |
| | **စုစုပေါင်း** | **၁၈၅,၁၅၇. ၇၈** | **၂၀၅,၅၁၉. ၃၅** | **၁၀. ၉၉** |

## ၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ်ချေးငွေလုပ်ငန်းအခြေအနေ

### ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေများ

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေစုစုပေါင်းမှာ **ကျပ်၁၇၉,၃၉၇. ၇၈သန်း** ရှိပြီး၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်**ကျပ်၁၇၅,၆၀၁. ၉၂သန်း** ရှိ၍**ကျပ်၃,၇၉၅. ၈၆ သန်း (၂. ၁၆%)**တိုးခဲ့ပါသည်။ရိုးရိုးချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေအချိုးမှာ**(၉၀း၁၀)**ရှိပါသည်။ဗဟိုဘဏ်ညွှန်ကြားချက်အမှတ်(၇/၂၀၁၇)အရသတ်မှတ်ချက်အချိုး**(၈၀း၂၀)**ကိုပြည့်မီပါသည်။
ချေးငွေထုတ်ချေးထားသည့်အာမခံအမျိုးအစား၊ချေးငွေပမာဏနှင့်လူဦးရေကိုဇယား( ၁၁)တွင်ဖော်ပြပါသည်။

**ဇယား –၁၁–**

**အာမခံအမျိုးအစားအလိုက်ထုတ်ချေးငွေများ**

| **အာမခံအမျိုးအစား** | **၂၀၁၇–၂၀၁၈** | | **၂၀၁၈–၂၀၁၉** | |
|---|---|---|---|---|
| | **ဦးရေ** | **ကျပ်(သန်း)** | **ဦးရေ** | **ကျပ်(သန်း)** |
| ၁။ မြေနှင့်အဆောက်အဦ | ၉၉၄ | ၁၇၅,၄၉၁. ၄၃ | ၁၁၁၃ | ၁၇၃,၀၀၆. ၇၉ |
| ၂။ စာရင်းသေအပ်ငွေ | ၄၁ | ၅၇. ၄၀ | ၂၄ | ၃၆. ၄၀ |
| ၃။ ရွှေနှင့်ကျောက်မျက်ရတနာ | ၁ | ၉. ၀၀ | - | - |
| ၄။ အငှားဝယ်စနစ် | ၁၂ | ၄၄. ၀၉ | ၁၂ | ၂၀၄. ၅၆ |
| ၅။ Project(Cash flow)ပေါ်ချေးငွေ | | | ၂ | ၁၈၇. ၅၀ |
| ၆။ SME ချေးငွေ | | | ၂၅ | ၅,၈၂၇. ၅၀ |
| ၇။ ဝန်ထမ်းချေးငွေ | | | ၃၆၃ | ၁၃၅. ၀၄ |
| **စုစုပေါင်း** | **၁,၀၄၈** | **၁၇၅,၆၀၁. ၉၂** | **၁,၅၃၉** | **၁၇၉,၃၉၇. ၇၉** |

**စီးပွားရေးကဏ္ဍအလိုက် ချေးငွေ**

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်နှင့်၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက်စီးပွားရေးကဏ္ဍအလိုက် ချေးငွေများကို ဇယား( ၁၂)တွင်နှိုင်းယှဉ် ဖော်ပြထားပါသည်။

**ဇယား – ၁၂ –**

**စီးပွားရေးကဏ္ဍအလိုက် ထုတ်ချေးငွေများ**

**( ကျပ်သန်း)**

| | **၂၀၁၇–၂၀၁၈** | **၂၀၁၈–၂၀၁၉** |
|---|---|---|
| ၁။ စက်မှုချေးငွေ | ၄,၃၅၀. ၉၄ | ၄,၃၅၂. ၇၁ |
| ၂။ ကုန်သွယ်မှု | ၉၀,၉၉၄. ၈၁ | ၈၅,၀၉၀. ၄၆ |
| ၃။ ကုန်ထုတ်မှု | ၂၄,၁၇၇. ၉၇ | ၂၆,၈၆၄. ၅၃ |
| ၄။ ဝန်ဆောင်မှု | ၅၆,၀၃၄. ၁၁ | ၅၆,၉၂၂. ၉၉ |
| ၅။ အငှားဝယ်စနစ် | ၄၄. ၀၉ | ၂၀၄. ၅၆ |
| ၆။ SME ချေးငွေ | | ၅,၈၂၇. ၅၀ |
| ၇။ ဝန်ထမ်းချေးငွေ | | ၁၃၅. ၀၄ |
| **စုစုပေါင်း** | **၁၇၅,၆၀၁. ၉၂** | **၁၇၉,၃၉၇. ၇၉** |

**အသေးစားနှင့်အလတ်စား(SME )ချေးငွေထုတ်ချေးခြင်း**

မြန်မာနိုင်ငံရှိအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်ငွေရေးကြေးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်း(PFIs )များမှတစ်ဆင့် (SME) များသို့ဘဏ္ဍာငွေပံ့ပိုးကူညီရန်ဆောင်ရွက်နေသည့် JICA(ODA)SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်၂ ချေးငွေထုတ်ချေးရန်ပထမပုဂ္ဂလိကဘဏ်ကို(PFI) အဖြစ်ရွေးချယ်ခဲ့ပါသည်။မြန်မာ့စီးပွားရေးဘဏ်နှင့်ဘဏ်တို့ (၆-၉-၂၀၁၈) နေ့ကစာချုပ်ချုပ်ဆိုခဲ့ကြပြီး အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသို့ချေးငွေများထုတ်ချေးခဲ့ပါသည်။ဘဏ်မှ(SME) များသို့(၃၀-၉-၂၀၁၉)နေ့ထိလူဦးရေ(၂၅)ဦးချေးငွေပမာဏ**ကျပ်၅,၈၂၇. ၅၀သန်း**ထုတ်ချေးပေးခဲ့ပါသည်။

**ဘဏ်နှင့်ဆက်နွယ်သူများချေးငွေ**

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၁၉)နေ့တွင်ဘဏ်ဒါရိုက်တာများနှင့်ဆက်နွယ်သူ( Related person)များကိုထုတ်ချေးထားသည့်ချေးငွေမှာလူဦးရေ **(၁၀)ဦး**ရှိပြီး ချေးငွေပမာဏမှာ **ကျပ် ၁၁,၉၈၁. ၇၄သန်း** ရှိပါသည်။စုစုပေါင်းချေးငွေပမာဏမှာ **ကျပ်၁၇၉,၃၉၇. ၇၈ သန်း**ရှိသဖြင့်စုစုပေါင်းချေးငွေပမာဏ၏**(၆. ၆၇%)** ဖြစ်ပါသည်။

## ချေးငွေကြွေးကျန်များနှင့်ကြွေးဆုံးရန်ပုံငွေလျာထားခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်အတိုင်း စုစုပေါင်းချေးငွေပမာဏ၏(၂%)ကို ချေးငွေ ကြွေးဆုံးရန်ပုံငွေအဖြစ် နှစ်စဉ်လျာထားခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၁၉)နေ့ထိကြွေးဆုံးရန်ပုံငွေလျာထားငွေ စုစုပေါင်းမှာ**ကျပ်၃,၆၀၈. ၄၃သန်း**ရှိပါသည်။

## ချေးငွေကြွေးကျန်များကိုအရေးယူဆောင်ရွက်ခြင်း

(၉-၁၀-၂၀၁၉)နေ့ထိချေးငွေကြွေးကျန်မှာလူဦးရေ(၁၄)ဦးရှိပြီးချေးငွေကြွေးကျန်အရင်းမှာ**ကျပ် ၇,၉၇၇. ၁၁သန်း** အတိုး**၁,၉၈၈. ၇၅သန်း**၊ စုစုပေါင်း**ကျပ် ၉,၉၆၅. ၈၆သန်း**ဖြစ်၍စုစုပေါင်းချေးငွေ၏ **(၅. ၅၆%)**ဖြစ်ပါသည်။

ချေးငွေကြွေးကျန်များအနက်အောက်ပါချေးငွေကြွေးကျန်(၁၁)ဦးကိုသက်ဆိုင်ရာ**တရားရုံးများတွင်တရားစွဲဆို**ထားသည့်အခြေအနေများကိုတင်ပြပါသည်။

၁။ ဦးစိုးဝင်း+ဒေါ်မိုးမိုး(ရန်ကုန်)(Htike Sin Co,) ထံမှစုစုပေါင်းရရန်ရှိ **ကျပ် ၄,၁၈၄. ၁၈သန်း**ဖြစ်ပြီး ရန်ကုန်တိုင်းတရားရုံးတွင်တရားမကြီးမှုအမှတ်(၁၇/၂၀၁၈)ဖြင့်တရားစွဲဆိုခဲ့ရာတရားပြိုင်များကိုစစ်ဆေးနေပါသည်။

၂။ ဦးနေထွဋ်တင်(ရန်ကုန်)ထံမှစုစုပေါင်းရရန်ရှိ **ကျပ် ၁၉၀. ၀၁သန်း** ဖြစ်ပြီးရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင်တရားမကြီးမှုအမှတ် (၄၀၉/၂၀၁၈)တရားစွဲဆိုခဲ့ရာ**အပြီးသတ်အနိုင်ဒီကရီရရှိပြီးဇာရီမှုဖွင့်ရန်**စီစဉ်နေပါသည်။

၃။ ဦးမျိုးတင့် ဒေါ်သဥ္ဇာဝင်း(အောင်လံ)ထံမှစုစုပေါင်းရရန်ရှိ **ကျပ် ၁,၁၁၆. ၅၈သန်း** ဖြစ်ပြီးမကွေးတိုင်းတရားရုံးတွင်တရားမကြီးမှုအမှတ် (၁/၂၀၁၉)တရားစွဲဆိုခဲ့ရာ**အပြီးသတ်အနိုင်ဒီကရီရရှိပြီးဇာရီမှုဖွင့်ရန်**စီစဉ်နေပါသည်။

၄။ ဒေါက်တာမောင်ထူး(မုံရွာ)ထံမှစုစုပေါင်းရရန်ရှိ **ကျပ် ၇၉၃. ၃၉သန်း**ဖြစ်ပြီးမုံရွာခရိုင်တရားရုံးတွင်တရားမကြီးမှုအမှတ်(၁၁၇/၂၀၁၈)ဖြင့်တရားစွဲဆိုခဲ့ရာတရားလိုများကိုစစ်ဆေးနေပါသည်။

၅။ ဒေါ်သက်ထားနွယ်(အောင်လံ)ထံမှစုစုပေါင်းရရန်ရှိ **ကျပ် ၃၈၇. ၈၇သန်း**ဖြစ်ပြီးမကွေးတိုင်းတရားရုံးတွင်တရားမကြီးမှုအမှတ်(၂/၂၀၁၈)ဖြင့်တရားစွဲဆိုခဲ့ရာအာမခံအဆောက်အဦကို**လေလံပစ်(၅)ကြိမ်**ပစ်ပြီးဖြစ်ပါသည်။

၆။ ဒေါ်သက်ထားနွယ် (သား)ဦးသိဒ္ဓိခန့်ပိုင်(အောင်လံ)ထံမှစုစုပေါင်းရရန်ရှိ **ကျပ် ၆၀၃. ၂၁သန်း**ဖြစ်ပြီးမကွေးတိုင်းတရားရုံးတွင်တရားမကြီးမှုအမှတ်(၂၉/၂၀၁၈)ဖြင့်တရားစွဲဆိုခဲ့ရာ**အပြီးသတ်အနိုင်ဒီကရီရပြီး**ဖြစ်သော်လည်း စီရင်ပိုင်ခွင့်မရှိသည့်တရားရုံးမှဆုံးဖြတ်ချက်ဖြစ်သဖြင့်အမှုကိုပိတ်သိမ်းပြီးအမှုသစ်ပြန်ဖွင့်ရန်စီစဉ်နေပါသည်။

၇။ ဦးအောင်သိုက်(ကျောက်ပန်းတောင်း)ချေးငွေအရင်းအတိုးဒဏ်စုစုပေါင်းဘဏ်မှရရန်ရှိ**ကျပ် ၃၅၄. ၀၅သန်း** ဖြစ်ပြီး ညောင်ဦးခရိုင်တရားရုံးတွင်တရားမကြီးမှုအမှတ်(၁/၂၀၁၉)ဖြင့်တရားစွဲဆိုရာတရားလိုပြသက်သေများကိုစစ်ဆေးနေပါသည်။

၈။ ဦးစိုင်းအောင်(တောင်ကြီး))ချေးငွေအရင်းအတိုးစုစုပေါင်းဘဏ်မှရရန်ရှိ **ကျပ် ၆၄၃. ၁၀သန်း**ဖြစ်ပြီးတောင်ကြီးခရိုင်တရားရုံးတွင်တရားမကြီးမှုအမှတ်(၃၆/၂၀၁၈)ဖြင့်တရားစွဲဆိုထားရာ**ပဏာမအနိုင်ဒီကရီရပြီး**ဖြစ်ပါသည်။

၉။ ဒေါ်လှရီ(သမီး)ဒေါ်စန်းစန်းထွေး(အောင်လံ)ချေးငွေအရင်းအတိုးဒဏ်ကြေးစုစုပေါင်းဘဏ်မှရရန်ရှိ **ကျပ် ၁၃၉. ၀၇သန်း**ဖြစ်ပြီး**အပြီးသတ်အနိုင်ဒီကရီရရှိပြီး** သရက်ခရိုင်တရားရုံးတွင်ဇာရီမှုအမှတ်(၁၄/၂၀၁၉)ဖြင့်လေလံပစ်ရန်ကြမ်းခင်းဈေးတင်ပြထားပါသည်။

၁၀။ ဦးကြည်မြင့်+ဒေါ်မြမြစိန်(မကွေး)ထံမှစုစုပေါင်းရရန်ရှိ **ကျပ် ၃၃. ၆၆သန်း**ဖြစ်ပြီးမကွေးခရိုင်တရားရုံးတွင်တရားမကြီးမှုအမှတ်(၆၂/၂၀၁၉)ဖြင့်တရားစွဲဆိုခဲ့ရာ**ပဏာမဒီကရီအမိန့်**ချရန်ဖြစ်ပါသည်။

၁၁။ ဒေါ်စန်းယဉ်နု(တောင်ကြီး)ထံမှစုစုပေါင်းရရန်ရှိ **ကျပ် ၇၉. ၆၇သန်း**ဖြစ်ပြီး တောင်ကြီးခရိုင်တရားရုံးတွင်တရားမကြီးမှုအမှတ်(၁၃၂/၂၀၁၉)ဖြင့်**တရားစွဲဆိုထားပြီး**ဖြစ်ပါသည်။

အောက်ပါချေးငွေကြွေးကျန်(၃)ခုကိုပေးဆပ်ရန်ညှိနှိုင်းဆောင်ရွက်နေပြီးမရရှိပါကတရားစွဲဆိုရန်စီစဉ်ထားပါသည်။

၁။ မြတ်မင်းကုမ္ပဏီလီမိတက်(ရန်ကုန်)ထံမှစုစုပေါင်းရရန်ရှိ **ကျပ် ၁,၂၅၀သန်း**ဖြစ်ပြီးပေးဆပ်ရန်ညှိနှိုင်းဆောင်ရွက်နေပါသည်။လိုအပ်ပါကတရားစွဲဆိုရန်**ရှေ့နေနို့တစ်ပေးထားပြီး**ဖြစ်ပါသည်။

၂။ ဦးစောသိန်းရွှေ(ဘားအံ)ချေးငွေအရင်းအတိုးစုစုပေါင်းဘဏ်မှရရန်ရှိ **ကျပ် ၁၈၆. ၅၇သန်း**ဖြစ်ပြီးပေးဆပ်ရန်ညှိနှိုင်းဆောင်ရွက်နေပါသည်။လိုအပ်ပါကတရားစွဲဆိုရန်**ရှေ့နေနို့တစ်ပေးထားပြီး**ဖြစ်ပါသည်။

၃။ ဦးကျော်ဆန်းဌေး(အောင်ပန်း)ထံမှစုစုပေါင်းရရန်ရှိ **ကျပ် ၄. ၅သန်း**ဖြစ်ပြီးပေးဆပ်ရန်ညှိနှိုင်းဆောင်ရွက်နေပါ လိုအပ်ပါကတရားစွဲဆိုရန် **ရွှေနေနို့တစ်ပေးထားပြီး**ဖြစ်ပါသည်။

**ချေးငွေကြွေးကျန် (NPL)များအခြေအနေ**

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်နှင့်နိုင်းယှဉ်လျှင်ချေးငွေကြွေးကျန်မှာ ကျပ်၇,၃၇၈သန်းမှကျပ် ၉,၉၆၅. ၈၆သန်းထိ အနည်းငယ်တိုးခဲ့ပါသည်။အဓိကအကြောင်းရင်းမှာဗဟိုဘဏ်မှချေးငွေကြွေးကျန်များအတန်းအစားသတ်မှတ်ချက်(NPL Classification )ကိုပြောင်းလဲလိုက်ခြင်း၊ဒါရိုက်တာတစ်ဦး(ဦးဖြိုးလှဝေ)မှအာမခံ၍ငွေအုပ်ချုပ်မှုဒါရိုက်တာလုပ်သော မိဘများပိုင်မြတ်မင်းကုမ္ပဏီလီမိတက်အတွက်ချေးယူသောအရစ်ကျပေးဆပ်ရန်ရှိသည့်ချေးငွေအရင်းကိုအချိန်မီမပေးဆပ်ခြင်း၊ ယေဘူယျစီးပွားရေးအခြေအနေများကျဆင်းလာခြင်းတို့ကြောင့်ဖြစ်ပါသည်။ချေးငွေကြွေးကျန်စာရင်းကိုအောက်ပါဇယား ( ၁၃)တွင်ဖော်ပြထားပါသည်။

**ဇယား –၁၃–**

**ချေးငွေကြွေးကျန်စာရင်း**

| **လူဦးရေ** | **ကြွေးကျန်အမျိုးအစား** | **ကြွေးကျန်ချေးငွေ ပမာဏ(ကျပ်သန်း)** | **ရာခိုင်နှုန်း** | **အရေးယူဆောင်ရွက် ထားမှုအခြေအနေ** |
|---|---|---|---|---|
| ၁၁ | ကြွေးဆုံး(Loss) | **(က)လူပုဂ္ဂိုလ်** ၈,၅၂၄. ၇၉ | ၄. ၇၅ | တရားရုံးတွင်တရား စွဲဆိုထားပါသည်။ |
| ၂ | (Doubtful) | **(ခ)လူပုဂ္ဂိုလ်** ၁၉၁. ၀၆ | ၀. ၁၁ | ရှေ့နေနို့တစ်ထုတ် ထားပါသည်။ |
| | | | ၄. ၈၆ | |
| ၁ | (Doubtful) | **(ဂ)ကုမ္ပဏီ** ၁,၂၅၀. ၀၀ | ၀. ၇၀ | ရှေ့နေနို့တစ်ထုတ် ထားပါသည်။ |
| **စုစုပေါင်း ၁၄** | | **၉,၉၆၅. ၈၆** | **၅. ၅၆** | |
| ***Old Classification** | | | **၄. ၇၅** | |

ချေးငွေကြွေးကျန်များအနည်းငယ်တိုးလာသော်လည်းဘဏ်အတွက်ဆုံးရှုံးနိုင်ခြေမရှိပါ၊အကြောင်းမှာချေးငွေအတွက် အာမခံလုံလောက်စွာရယူထားခြင်း၊တရားရုံးတွင်တရားစွဲဆိုထားခြင်း၊ဒါရိုက်တာများနှင့်ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများမှ မျက်ခြေမပြတ်ချေးငွေပြန်လည်ရရှိရန်ကြိုးစားဆောင်ရွက်လျှက်ရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

သို့ရာတွင်ချေးငွေဆုံးရှုံးနိုင်ခြေအလားအလာ( Probability of Default ) ကိုခန့်မှန်းတွက်ချက်ကြည့်ရာတွင် ကျပ်**၁၈. ၀၈သန်း**ခန့်သာရှိပါသည်။ဘဏ်တွင်ကြွေးဆုံးအတွက်လျာထားငွေမှာ **ကျပ် ၃,၆၀၆သန်း**ရှိပါသည်။ သို့ဖြစ်ပါ၍ ဘဏ်အတွက်မည်သို့မျှကြီးမားသောကြွေးဆုံးအန္တရာယ်မရှိကြောင်းတင်ပြအပ်ပါသည်။

## နိုင်ငံခြားဘဏ်လုပ်ငန်း(Foreign Banking)

**နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှ လိုင်စင်အမှတ် စီဘီအမ် အက်ဖ်အီးအမ်ဒီ ၈/၂၀၁၁(၂၄-၁၀-၂၀၁၁)နေ့စွဲ ဖြင့် နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်(Money Changer Licence)ကို ရရှိခဲ့ပါသည်။နိုင်ငံခြား ငွေလဲလှယ်ရောင်းချရေးကောင်တာ (Money Changer Counter)များကိုရန်ကုန် ရုံးချုပ်နှင့်ဘဏ်ခွဲ( ၂၂ )ခုတွင်ဖွင့်လှစ် ထားရှိပြီးနိုင်ငံခြားငွေအမေရိကန်ဒေါ်လာ( USD ) စင်ကာပူဒေါ်လာ(SGD) နှင့်ယူရို ( Euro ) ထိုင်းဘတ် (THB) မလေးရှားရင်းဂစ်(MYR) များကိုဝယ်ယူရောင်းချလဲလှယ်ပေးလျှက်ရှိပါသည်။

**နိုင်ငံခြားဘဏ်လုပ်ငန်း/အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းလိုင်စင်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှလိုင်စင်အမှတ်စီဘီအမ်-အက်ဖ်အီးအမ်ဒီ-၉၃/၂၀၁၂ နေ့စွဲ(၂၄-၈-၂၀၁၂) ဖြင့် နိုင်ငံခြားငွေများရောင်းဝယ်ဖောက်ကားသည့်လိုင်စင်(Authorized Dealer Licence)ကို ခွင့်ပြုချက်ရရှိခဲ့ပါသည်။ စာအမှတ်-၂၄၅၅/ ၁၅၈၇-ကက /၂၀၁၂-၂၀၁၃ နေ့စွဲ(၂-၁၀-၂၀၁၂) ဖြင့်ဆောင်ရွက်ခွင့်ရရှိခဲ့၍ ရန်ကုန်ရုံးချုပ်တွင် (၂-၁၀-၂၀၁၂)နေ့မှစ၍ နိုင်ငံခြားဘဏ်လုပ်ငန်း/အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းကိုဝန်ဆောင်မှုပေးလျှက်ရှိပါသည်။ နိုင်ငံခြားငွေဖြင့်စာရင်းရှင်စာရင်း (Current Account)ဖွင့်လှစ်ပေးခြင်း၊ စာရင်းပြောင်းခြင်း(Account transfer)များ ဆောင်ရွက်ပေးလျှက်ရှိပါသည်။ နိုင်ငံခြားအဆက်အသွယ်ဘဏ်(Correspondence Bank)များနှင့်ချိတ်ဆက်၍ပို့ကုန်/သွင်းကုန်လုပ်ငန်း ငွေလွှဲစာတမ်း LC(Export&Import Letter of Credit) ၊ကြိုးမဲ့ကြေးနန်းဖြင့်ငွေလွှဲပေးပို့ခြင်း(TT) နှင့်နိုင်ငံခြားငွေလွှဲလုပ်ငန်းဆောင်ရွက်ခြင်း(Money Transfer service)စသည့်နိုင်ငံခြားဘဏ်လုပ်ငန်းများကိုဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

**Western Union နှင့်နိုင်ငံခြားငွေလွှဲလုပ်ငန်းချိတ်ဆက်ဆောင်ရွက်ခြင်း**

ပထမပုဂ္ဂလိကဘဏ်နှင့်အမေရိကန်နိုင်ငံအခြေစိုက် Western Union Money Transfer Service တို့ချိတ်ဆက်၍ ပြည်ပငွေလွှဲလုပ်ငန်းများဆောင်ရွက်ရန် (၁၂-၁-၂၀၁၃)နေ့တွင် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပါသည်။ **Western Union** နှင့် နိုင်ငံပေါင်း(၇၀)ကျော်မှမြန်မာနိုင်ငံသို့ တိုက်ရိုက်အချိန်တိုအတွင်း ငွေလွှဲလုပ်ငန်း(In bound Service)ကို ဆောင်ရွက်ပေးလျှက်ရှိပါသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ(၆-၁-၂၀၁၆)နေ့စွဲဖြင့် မြန်မာနိုင်ငံမှ ပြည်ပသို့နိုင်ငံခြား ငွေလွှဲလုပ်ငန်း(Outbound Service )ကို ထပ်မံခွင့်ပြုခဲ့သည့်အတွက် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့နိုင်ငံခြား ငွေလွှဲပေးပို့ခြင်းလုပ်ငန်းကို ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်Western Union နိုင်ငံခြားငွေလွှဲလုပ်ငန်းမှရရှိသည့်ဝင်ငွေမှာ**ကျပ်၁၈၂. ၃၅သန်း**ရရှိခဲ့သဖြင့်၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ထက်**(၃၀. ၆၀%)** တိုးတက်ရရှိခဲ့ပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်နိုင်ငံခြားဘဏ်လုပ်ငန်း မှရရှိသည့်ဝင်ငွေမှာ**ကျပ်၇၅၀. ၉၇သန်း** ရရှိခဲ့ပါသည်။ ၂၀၁၇-၂၀၁၈နှစ်နှင့်၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်နိုင်ငံခြားဘဏ်လုပ်ငန်းမှဝင်ငွေများနှိုင်းယှဉ်ချက်ကိုဇယား ( ၁၄ )တွင်ဖော်ပြထားပါသည်။

**ဇယား-၁၄-**

**နိုင်ငံခြားဘဏ်လုပ်ငန်းမှရရှိသည့်ဝင်ငွေများအခြေအနေ**

**(ကျပ် သန်း)**

| **ဝင်ငွေ** | **၂၀၁၇-၂၀၁၈** | **၂၀၁၈-၂၀၁၉** | **ရာနိုင်နှုန်း** |
|---|---|---|---|
| ၁။နိုင်ငံခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်း | ၁၂၉. ၆၈ | ၇၀. ၉၆ | -၄၅. ၂၈ |
| ၂။Western Union နိုင်ငံခြားငွေလွှဲလုပ်ငန်း | ၁၃၉. ၄၃ | ၁၈၂. ၃၅ | ၃၀. ၆၀ |
| ၃။နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်း | ၂၈. ၄၁ | ၂၉. ၄၃ | ၃. ၇၃ |
| ၄။စာရင်းပြောင်းရောင်းရငွေ | ၃၅၃. ၁၅ | ၄၆၈. ၁၉ | ၃၂. ၅၇ |
| **စုစုပေါင်းဝင်ငွေ** | **၆၅၀. ၆၇** | **၇၅၀. ၉၇** | **၁၅. ၄၁** |

**"Mykyat" မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စာအမှတ်မဗဘ/ဘဏ်စိစစ်/ ဝန်ဆောင်မှု(၅၃/၂၀၁၄)(၃၀-၆-၂၀၁၄)နေ့စွဲဖြင့် မိုဘိုင်းဘဏ်လုပ်ငန်း(Mobile Banking) ကိုဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပထမပုဂ္ဂလိကဘဏ်နှင့်Frontier Technology Partners Company Ltd., (FTP) တို့ပူးပေါင်းပြီး **"Mykyat"** အမည်ဖြင့် (၇-၅-၂၀၁၅)နေ့မှစ၍ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုကို စတင်ဆောင်ရွက်ခဲ့ပါသည်။ **"Mykyat"** Applicationကို Internet မှdown load ရယူနိုင်ပါသည်။ **"Mykyat"** ဖြင့်ငွေသွင်းခြင်း-ငွေထုတ်ခြင်း၊ငွေလွှဲပေးပို့ခြင်း လျှပ်စစ်မီတာဘီလ်နှင့်စည်ပင်သာယာဘီလ်များပေးဆောင်ခြင်း၊ တယ်လီဖုန်းငွေဖြည့်ခြင်း (E-load Top up)၊ဖုန်းဘေလ်

ပေးသွင်းခြင်း၊တယ်လီဖုန်းငွေဖြည့်ကဒ်ဝယ်ယူခြင်း၊ Internet Gamesများဝယ်ယူခြင်း၊အဝေးပြေးမော်တော်ကားလက်မှတ်များဝယ်ယူခြင်း၊ပြည်တွင်း-ပြည်ပလေယာဉ်လက်မှတ်များဝယ်ယူခြင်း၊Online shopping ငွေပေးချေခြင်း၊ Hotel အခန်းများငှားရမ်းခြင်း၊"**Mykyat**"နှင့်ချိတ်ဆက်ထားသည့်စျေးဆိုင်များတွင်စျေးဝယ်ယူခြင်း၊ စားသောက်ဆိုင်များတွင်ငွေပေးချေခြင်းတို့အား "**Mykyat** "Mobile Payment ကိုအသုံးပြု၍ပေးချေနိုင်ပါသည်။

" **Mykyat**"မိုဘိုင်းဘဏ်လုပ်ငန်းကို ပထမပုဂ္ဂလိကဘဏ်ခွဲများနှင့်ကိုယ်စားလှယ်(Agent) များနှင့်မြန်မာ့စာတိုက်လုပ်ငန်းတို့ပူးပေါင်းပြီးနေပြည်တော်နှင့်တိုင်းနှင့်ပြည်နယ်(၁၅)ခုမှစာတိုက်(၇၀၈)ခု အပါအဝင်ကိုယ်စားလှယ်**(၁, ၂၇၀)ဦး**မှတစ်ဆင့်ဆောင်ရွက်လျှက်ရှိပါသည်။ **Mykyat** Mobile Paymentသုံးစွဲသူပေါင်း**(၆၄, ၁၁၈)ဦး**ရှိပြီး၊ စီးပွားရေးလုပ်ငန်းရှင်**(၆၈)ဦး**တို့နှင့်ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။

ရန်ကုန်တိုင်းမှမြို့နယ်(၃၃)ခုနှင့်မန္တလေးမြို့တို့တွင်လျှပ်စစ်မီတာဘီလ်များပေးဆောင်ခြင်းကိုဆောင်ရွက်လျှက်ရှိပါသည်။ MPT တယ်လီဖုန်းဘီလ်ငွေပေးချေခြင်းကိုရန်ကုန်တိုင်းတွင်မြို့နယ်ပေါင်း (၁၄)ခုတွင် ဆောင်ရွက်ပေးလျှက်ရှိပါသည်။ **Mykyat** မိုဘိုင်းဘဏ်လုပ်ငန်းမှရရှိသည့်ဝင်ငွေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် **ကျပ်၅၅. ၂၅သိန်း**ရရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်**ကျပ်၁၃၆. ၄၀သိန်း**ရရှိခဲ့သဖြင့် **Mykyat** မိုဘိုင်းဘဏ်လုပ်ငန်း မှာတိုးတက်ခဲ့ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်း(YSX)တွင်ရှယ်ယာအရောင်းအဝယ်အခြေအနေ

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏(၂၉-၁၁-၂၀၁၅)နေ့တွင်ကျင်းပသည့်(၂၄)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှဒါရိုက်တာအဖွဲ့အား ရန်ကုန်စတော့အိပ်ချိန်းတွင်မှတ်ပုံတင်စာရင်းဝင်ရန် လုပ်ပိုင်ခွင့်အပ်နှင်းခဲ့သည့်အတွက်(၇-၁၂-၂၀၁၅)နေ့တွင်ကျင်းပသည့်ဒါရိုက်တာအဖွဲ့အစည်းအဝေးမှရန်ကုန်စတော့အိပ်ချိန်း(YSX)တွင်စာရင်းဝင်ရန်ဆုံးဖြတ်ခဲ့ပြီး (၈-၁၂-၂၀၁၅)နေ့ကလျှောက်ထားခဲ့ပါသည်။ရန်ကုန်စတော့အိပ်ချိန်းတွင် (၂၀-၁-၂၀၁၇)နေ့မှစပြီး ပထမပုဂ္ဂလိကဘဏ်အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။

(၃၀-၉-၂၀၁၉)နေ့ ရန်ကုန်စတော့အိတ်ချိန်း(YSX)တွင်ပထမပုဂ္ဂလိကဘဏ်ရှယ်ယာတစ်စုလျှင်**ကျပ် ၂၆, ၀၀၀** ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

ရန်ကုန်စတော့အိပ်ချိန်း တွင်ဘဏ်အစုရှယ်ယာများစတင်အရောင်းအဝယ်ပြုလုပ်ခဲ့သည့်(၂၀-၁-၂၀၁၇)နေ့မှ(၃၀-၉-၂၀၁၉)နေ့အထိအရောင်းအဝယ်ဖြစ်သည့်ပမာဏ(Trade Volume) မှာအစုရှယ်ယာ**( ၃၆၉,၀၉၈)စု** ရှိပြီး ငွေပမာဏ**ကျပ် ၉,၈၆၀. ၂၇သန်း** ဖြစ်ပါသည်။

## Core Banking ဆောင်ရွက်နေမှုအခြေအနေ

ဘဏ်လုပ်ငန်းကိုကမ္ဘာ့အဆင့်မီကွန်ပျူတာနည်းပညာများကိုအသုံးပြုပြီး ခေတ်မီဘဏ်ဝန်ဆောင်မှုများ Digital Bankingသို့ကူးပြောင်းနိုင်ရန် Core Banking Solution ကို ယူကေနိုင်ငံ၊လန်ဒန်မြို့ အခြေစိုက်ငွေရေးကြေးရေးဆိုင်ရာနည်းပညာ Finastra Financial Software ကုမ္ပဏီနှင့်(၂၈-၂-၂၀၁၇)နေ့က Licence Agreement စာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး Service Agreementကို(၁၅-၅-၂၀၁၇)နေ့ တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။Finastra Financial Softwareမှ(၁၅-၆-၂၀၁၇)နေ့မှစပြီး Core Banking Systemကိုစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ Finastraနှင့်(User AcceptanceTesting (UAT)Round )ကို(၁၉-၂-၂၀၁၈)တွင်တစ်ကြိမ် (၂၇-၈-၂၀၁၈)နေ့တွင်တစ်ကြိမ်နှင့်(၁၉-၁၁-၂၀၁၈)နေ့တွင်တစ်ကြိမ်စုစုပေါင်း(၃)ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။သို့ရာတွင်စမ်းသပ်စစ်ဆေးမှုမအောင်မြင်ခဲ့ပါ။Finastra မှာဘဏ်၏လုပ်ငန်းလိုအပ်ချက်များကိုပြည့်မီအောင်မဖြည့်ဆည်းနိုင်သဖြင့်ပင်မဘဏ်လုပ်ငန်းစနစ်သစ်အား ဘဏ်၏လုပ်ငန်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မည့်အခြားစနစ်ကိုပြောင်းလဲအသုံးပြုနိုင်ရန်အပြိုင်ပြင်ဆင်လျှက်ရှိပါသည်။

တိုးတက်ခေတ်မီ၍ဝန်ဆောင်မှုကောင်းသောဘဏ်ဖြစ်လာရန် လုပ်ငန်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သောပင်မဘဏ်လုပ်ငန်းစနစ်တစ်ခုလိုအပ်ပါသည်။ သို့သော် စနစ်ဝယ်ယူအကောင်အထည်ဖော်ရုံတစ်ခုတည်းဖြင့် မလုံလောက်သေးပါ။ဘဏ်လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကိုလည်းဖြည့်စွက်ပြင်ဆင်ရပါမည်။ဥပမာ-(၁) အထွေထွေလယ်ဂျာစာရင်း

သတ်မှတ်ခြင်း(Chart of Accounts) (၂) ဘဏ္ဍာရေးစာရင်းကိုင်လက်စွဲ(Financial Accounting Handbook) (၃) ဘဏ်လုပ်ငန်းအစီရင်ခံစာလက်စွဲ(Reporting Handbook ) (၄) ဘဏ်လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်(Business Workflow)တို့ကိုပါ ပူးတွဲလုပ်ဆောင်ရန်လိုအပ်ပါသည်။ အထက်ပါလုပ်ငန်းဆိုင်ရာပြင်ဆင်မှုများအနက် (၁) (၂) (၃) ကို ၉၀% ခန့် ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။

ထိုနည်းတူစွာအခြားလိုအပ်သည့်နည်းပညာအခြေခံအဆောက်အအုံအကောင်အထည်ဖော်မှုများကိုလည်းပူးတွဲဆောင်ရွက်လျှက်ရှိပါသည်။ ရုံးချုပ်နှင့်ဘဏ်ခွဲများအားလုံးတို့ကို သတင်းအချက်အလက်ဌာန(Data Centre) နှင့်ကွန်ပျူတာကွန်ရက်(Net work) ချိတ်ဆက်ခြင်းလုပ်ငန်းမှာ ၂၀၂၀ နှစ်ကုန်တွင် ပြီးစီးမည်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မုံရွာ၊ ပခုက္ကူ ဒေသများရှိ ဘဏ်ခွဲ(၁၂)ခုကို ကွန်ရက်ချိတ်ဆက်ပြီးဖြစ်ပါသည်။အခြားဘဏ်ခွဲများအတွက်လည်းဆက်လက်ဆောင်ရွက်သွားပါမည်။

ပင်မဘဏ်လုပ်ငန်းစနစ်သစ်နှင့် အခြားလုပ်ငန်းသုံးစနစ်များကို ကောင်းစွာစီမံခန့်ခွဲနိုင်သော အရည်အချင်းနှင့်ကျွမ်းကျင်မှုရှိသော IT ဌာနမှ ဝန်ထမ်းများကို ခန့်အပ်လေ့ကျင့်လျက်ရှိပါသည်။ IT ဌာနတွင် လောလောဆယ် ဝန်ထမ်း(၆) ယောက်ခန့်ထားပါသည်။ အရည်အချင်းရှိသည့်ဝန်ထမ်းများကိုရှာဖွေခန့်အပ်နိုင်ရေးကိုလည်းဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်။ ပင်မဘဏ်လုပ်ငန်းစနစ်အကောင်အထည်ဖော်ပြီးလျှင် အင်တာနက်နှင့်မိုဘိုင်းဘဏ် ဝန်ဆောင်မှုစနစ်များကိုဆက်လက်အကောင်အထည်ဖော်သွားပါမည်။

ဘဏ်တွင် ပင်မဘဏ်လုပ်ငန်းစနစ်သစ်(Core Banking System)အတွက်(၁၅-၆-၂၀၁၇)မှ(၃၀-၉-၂၀၁၉)နေ့အထိ(Soft ware + Licence fees) ကုန်ကျစရိတ်( **USD 1, 317, 003=ကျပ်၁, ၈၁၉.၈၆သန်း)**နှင့်Hard ware ကုန်ကျစရိတ်မှာ**ကျပ်၆၉၂. ၆၂သန်း** ဖြစ်ပြီးစုစုပေါင်းကုန်ကျစရိတ်မှာ**ကျပ် ၂, ၅၁၂. ၄၈သန်း** ဖြစ်ပါသည်။

## အစိုးရငွေတိုက်စာချုပ်များဝယ်ယူထားခြင်း

ဘဏ်အပ်ငွေအတိုးစရိတ်များအထိုက်အလျောက်ကာမိစေရန်နှင့်အတိုးဝင်ငွေများရရှိစေရန်အတွက်ဘဏ်မှ အစိုးရငွေတိုက်စာချုပ်များဝယ်ယူရင်းနှီးထားပါသည်။၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၁၉)နေ့တွင်ဘဏ်မှဝယ်ယူထားသည့်အစိုးရငွေတိုက်စာချုပ်စုစုပေါင်းငွေပမာဏမှာ **ကျပ်၂၃, ၀၀၀သန်း** ဖြစ်ပါသည်။၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်အစိုးရငွေတိုက်စာချုပ်မှရရှိသောအတိုးဝင်ငွေမှာ**ကျပ်၁, ၉၄၇. ၅၀သန်း** ဖြစ်ပြီးစုစုပေါင်းအတိုးဝင်ငွေ၏ **(၈. ၄၂%)**ဖြစ်ပါသည်။

## မြန်မာပေးမန့်ယူနီယံ(MPU)ရှယ်ယာဝယ်ယူခြင်း

ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာအဖွဲ့၆/၂၀၁၅အစည်းအဝေးမှ ငွေပေးချေမှုစနစ်ကိုအဆင့်မြှင့်တင်နိုင်ရန်နှင့်ဘဏ်ဖောက်သည်များကို Card Business ဖြင့်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မြန်မာပေးမန့်ယူနီယံကုမ္ပဏီ(Myanmar Payment Union (MPU)တွင်အစုရှယ်ယာတစ်စုလျှင်ကျပ်၁၀,၀၀၀ဖြင့်အစုရှယ်ယာ**(၂၀,၀၀၀)စု**တန်ဖိုးငွေ**ကျပ်သန်း(၂၀၀)**ဖိုးဝယ်ယူရန်ဆုံးဖြတ်ခဲ့ပြီး(၂၃-၉-၂၀၁၅)နေ့ကဝယ်ယူခဲ့ပါသည်။ပထမပုဂ္ဂလိကဘဏ်မှာ(MPU)အဖွဲ့ဝင်ဖြစ်ပြီးMPUနှင့်ချိတ်ဆက်ပြီး ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်မည်ဖြစ်ပါသည်။

## ဘဏ်ပိုင်မြေနှင့်အဆောက်အဦများဝယ်ယူထားခြင်း

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၁၉)နေ့အထိဘဏ်မှဝယ်ယူထားသည့်ဘဏ်ပိုင်မြေနှင့်အဆောက်အဦမှာ(၄၇)ခုရှိပါသည်။ ဘဏ်ပိုင်မြေနှင့်အဆောက်အဦများဝယ်ယူထားသည့် မူလတန်ဖိုးနှင့်အဆောက်အဦများပြုပြင်ဆောက်လုပ်၊ မွမ်းမံစရိတ်အပါအဝင်စုစုပေါင်းတန်ဖိုးမှာ **ကျပ်၈,၉၆၄. ၆၈သန်း** ရှိပါသည်။ ၂၀၁၉ခုနှစ်ဧပြီလတွင် ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ လက်ရှိကာလတန်ဖိုးများကို ဘဏ်ရာဖြတ်များမှ တွက်ချက်ကြည့်ရာခန့်မှန်းတန်ဖိုး **ကျပ်၂၄,၈၈၈. ၆၂သန်း** ရှိပါသည်။ဘဏ်မှဝယ်ယူထားသည့် မြေနှင့်အဆောက်အဦးများ၏ မူလတန်ဖိုးနှင့် အဆောက်အဦဆောက်လုပ်ပြုပြင်စရိတ်များအပါအဝင်စုစုပေါင်းတန်ဖိုးနှင့် လက်ရှိကာလတန်ဖိုးများကိုနှိုင်းယှဉ်ပါက မူလဝယ်ယူထားသည့် တန်ဖိုးထက်**ကျပ်၁၅,၉၂၃. ၉၄သန်း** ခန့်ပိုများပါသည်။

### မြေနှင့်အဆောက်အဦထပ်မံဝယ်ယူထားခြင်း

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်အောင်လံမြို့၊တရော်ကုန်းရပ်။ပြည်လမ်းမြေတိုင်းအမှတ်အကွက်အမှတ်(၄-တရော်ကုန်း)ဦးပိုင်အမှတ်(၂၆၅)ဧရိယာ(၀. ၀၈၇)ဧကနှင့်ဦးပိုင်အမှတ်(၂၆၃)ဧရိယာ(၀. ၀၈၇)ဧကနှင့်ဦးပိုင်အမှတ်(၂၆၇)ဧရိယာ(၀. ၀၉၇)ဧကရှိမြေများပေါ်ရှိနှစ်ထပ်တိုက်တစ်လုံး၊သိုလှောင်ရုံတစ်လုံး၊စက်ရုံအဆောက်အဦတစ်လုံးတို့ပါဝင်သောမြေကွက်(၃)ကွက်တွဲကိုစုစုပေါင်း**ကျပ်၁,၁၃၁. ၅၀သန်း**ဖြင့်(၂၄-၇-၂၀၁၉)နေ့ကလေလံဆွဲဝယ်ယူခဲ့ပါသည်။

## ဘဏ်ခွဲများဖွင့်လှစ်ပြီးသည့်အခြေအနေ

ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်ကို(၆-၁၀-၁၉၉၂)တွင်စတင်ဖွင့်လှစ်ခဲ့ပါသည်။၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၁၉)နေ့အထိရန်ကုန်ရုံးချုပ်နှင့်နေပြည်တော်ရုံးချုပ်အပါအဝင်ဘဏ်ခွဲ(၃၅)ဘဏ်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ဘဏ်ဒါရိုက်တာအဖွဲ့မှချမှတ်ထားသောမူနှင့်အညီပြည်နယ်နှင့်တိုင်းများတွင်အနည်းဆုံးဘဏ်ခွဲတစ်ခုဖွင့်လှစ်နိုင်ရန်စီစဉ်ခဲ့ရာရန်ကုန်တိုင်းတွင်ဘဏ်ခွဲ(၆)ခု၊မန္တလေးတိုင်းတွင်(၃)ခု၊မကွေးတိုင်းတွင်(၇)ခု၊စစ်ကိုင်းတိုင်းတွင်(၄)ခု၊တနင်္သာရီတိုင်းတွင်(၃)ခုဧရာဝတီတိုင်းတွင်(၂)ခု၊ပဲခူးတိုင်းတွင်(၁)ခု၊ရှမ်းပြည်နယ်တွင်(၂)ခု၊ကယားပြည်နယ်တွင်(၁)ခု၊ ကရင်ပြည်နယ်တွင်(၂)ခု၊မွန်ပြည်နယ်တွင်(၁)ခု၊ကချင်ပြည်နယ်တွင်(၁)ခု၊ချင်းပြည်နယ်တွင်(၁)ခု၊နေပြည်တော်တွင်(၁)ခု စုစုပေါင်းဘဏ်ခွဲ(၃၅)ခုဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင်ဘဏ်ခွဲဖွင့်လှစ်ရန်ကျန်ရှိနေသေးသော်လည်းဖွင့်လှစ်နိုင်ခြင်းမရှိသေးပါ။

## ဘဏ်ခွဲအသစ်များဖွင့်လှစ်ရန်စီစဉ်ထားခြင်း

### စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုမြို့

စစ်ကိုင်းတိုင်းဒေသကြီး ၊ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက်ပျဉ်စျေးတောင်ပိုင်း၊အကွက်အမှတ်(၂)၊ဦးပိုင်အမှတ်(၁၂၉)ဘိုးဘွားပိုင်မြေပေါ်တွင်ရွှေဘိုဘဏ်ခွဲကိုဖွင့်လှစ်နိုင်ရန်အဆောက်အဦဆောက်လုပ်ပြီးစီးပြီဖြစ်ရာ၂၀၁၉ခုနှစ်ဒီဇင်ဘာလတွင်ဖွင့်လှစ်နိုင်ရန်ခန့်မှန်းထားပါသည်။

### ချင်းပြည်နယ်၊မင်းတပ်မြို့

ချင်းပြည်နယ်၊မင်းတပ်မြို့၊အနောက်ရပ်ကွက်၊မင်းတပ်-မတူပီလမ်းမကြီးအကွက်အမှတ်(၁)ဦးပိုင်အမှတ်(၁၈၉)ဂရန်မြေပေါ်တွင်မင်းတပ်ဘဏ်ခွဲဖွင့်လှစ်နိုင်ရန်အဆောက်အဦဆောက်လုပ်လျှက်ရှိရာ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

### ဘဏ်ခွဲငယ်(Mini Bank )များပိတ်သိမ်းခြင်း

ပထမပုဂ္ဂလိကဘဏ်ဒါရိုက်တာအဖွဲ့(၅/၂၀၁၉)ကြိမ်မြောက်အစည်းအဝေးမှသယ်န်းကျွန်းဘဏ်ခွဲငယ်နှင့်မကွေးဘဏ်ခွဲငယ်(၂)ခုကိုအရှုံးလျော့ပြီးအမြတ်ရရှိနိုင်မှုပိုမိုကောင်းမွန်လာမည်ဟုထင်မြင်ယူဆ၍ပိတ်သိမ်းခဲ့ပါသည်။

## ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ

ပထမပုဂ္ဂလိကဘဏ်၏သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၁)အရ ဒါရိုက်တာအဖွဲ့ကို ဥက္ကဋ္ဌအပါအဝင်(၁၅)ဦးထက်မနည်း (၂၁)ဦးထက်မများစေရ ဟုသတ်မှတ်ထားသဖြင့် ၂၀၁၈ခုနှစ်ဩဂုတ်လ(၂၆)ရက်နေ့တွင်ကျင်းပပြုလုပ်သည့်(၂၇) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးမှ ပထမပုဂ္ဂလိကဘဏ်ဒါရိုက်တာအဖွဲ့ကိုဒါရိုက်တာအဖွဲ့ဝင်(၁၅)ဦးနှင့် သီးခြားလွတ်လပ်သည့်ဒါရိုက်တာ(၂)ဦးတို့ဖြင့်ဖွဲ့စည်းရန်ဖြစ်သော်လည်းတစ်ဦးသာခန့်ထားနိုင်ပါသည်။

(၂၈-၉-၂၀၁၉)နေ့ကကျင်းပသည့်ဒါရိုက်တာအဖွဲ့အစည်းအဝေး(၉/၂၀၁၉)မှရွေးချယ်တင်မြောက်သည့်ဒါရိုက်တာဦးရေကို(၁၁)ဦးထိလျှော့ချရန်ဆုံးဖြတ်ထားပါသည်။

၂၀၁၈ခုနှစ်ဩဂုတ်လ(၂၆)ရက်နေ့တွင်ကျင်းပပြုလုပ်သည့် (၂၇) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အလှည့်ကျဒါရိုက်တာ(၅)ဦး နှုတ်ထွက်ခဲ့ပါသည်။နှုတ်ထွက်သည့်ဒါရိုက်တာ(၅)ဦးမှ (၄)ဦး ပြန်လည်အရွေးခံခဲ့ပြီးဒါရိုက်တာအသစ်(၁)ဦးလျှောက်ထားခဲ့ပါသည်။(၂၇) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင်

အရွေးခံရသည့်ဒါရိုက်တာ(၅)ဦးမှာ(၁)ဒေါက်တာစိန်မောင်(၂)ဒေါက်တာတင်သိန်း(၃)ဒေါက်တာအောင်မင်း(၄)ဦးဟန်မြင့် (၅)ဦးသိန်းမြင့်တို့ဖြစ်ကြပါသည်။

(၂၆-၈-၂၀၁၈)နေ့တွင်ကျင်းပပြုလုပ်သည့် ၁/၂၀၁၈ ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှဒါရိုက်တာအဖွဲ့ကို (၁)ဒေါက်တာစိန်မောင် (၂)ဒေါ်လှလှဝင်း (၃)ဦးထွန်းဆိုင်(၄)ဦးကောင်း (၅)ဦးမျိုးထွန်း (၆)ဒေါက်တာတင်ကြည် (၇)ဦးဟန်မြင့် (၈)ဒေါ်လှလှရီ (၉)ဦးမြင့်လွင် (၁၀)ဒေါက်တာတင်သိန်း(၁၁)ဦးနေလင်းဦး (၁၂)ဦးထင်အောင်ကျော်ဦး (၁၃)ဦးဖြိုးလှဝေ(၁၄)ဒေါက်တာအောင်မင်း(၁၅)ဦးသိန်းမြင့် (၁၆)ဦးကပ်ခင်းပေါင်(သီးခြားလွတ်လပ်သည့်ဒါရိုက်တာ) တို့ဖြင့်ပြန်လည်ဖွဲ့စည်းပါသည်။

## ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ

ပထမပုဂ္ဂလိကဘဏ်၏သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၂)အရ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌကိုဒါရိုက်တာများကရွေးချယ် ခန့်ထားရမည်ဖြစ်ပြီးဥက္ကဋ္ဌသည်အချိန်ပြည့်တာဝန်ထမ်းဆောင်ရမည်ဖြစ်၍(၂၆-၈-၂၀၁၈)နေ့တွင်ကျင်းပပြုလုပ်သည့် ၁/၂၀၁၈ ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှဒါရိုက်တာများမှ ဥက္ကဋ္ဌအဖြစ် ဒေါက်တာစိန်မောင်အားတစ်ညီတစ်ညွတ် တည်းရွေးချယ်တင်မြှောက်ခဲ့ ကြပါသည်။

## ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး

(၂၆-၈-၂၀၁၈)နေ့တွင်ကျင်းပပြုလုပ်သည့် ၁/၂၀၁၈ ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှဒါရိုက်တာအဖွဲ့ အတွင်းရေးမှူးအဖြစ်ဒေါ်လှလှဝင်းနှင့် တွဲဘက်အတွင်းရေးမှူးအဖြစ် ဦးမြင့်ဇော်(အမှုဆောင်အရာရှိချုပ်)တို့အား တာဝန် ပေးအပ်ကြပါသည်။

## သီးခြားလွတ်လပ်သည့်ဒါရိုက်တာ( Independent Director)

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ(၉/၂၀၁၉)ညွှန်ကြားချက်ဖြင့် ဒါရိုက်တာအဖွဲ့ဝင်(၁၁)ဦးထက်မပိုသောဒါရိုက်တာအဖွဲ့ကိုဖွဲ့စည်းလျှင်အမှုဆောင်မဟုတ်သောသီးခြားလွတ်လပ်သောဒါရိုက်တာ အနည်းဆုံးတစ်ဦးနှင့်အဖွဲ့ဝင်(၁၁)ဦးထက်ပိုသောဒါရိုက်တာအဖွဲ့ကိုဖွဲ့စည်းလျှင်အမှုဆောင်မဟုတ်သောသီးခြားလွတ်လပ်သော ဒါရိုက်တာအနည်းဆုံးနှစ်ဦးခန့်အပ်ရန်သတ်မှတ်ထားပါသည်။သီးခြားလွတ်လပ်သောဒါရိုက်တာများအဖြစ်(၁)ဒေါက်တာ တင်ဝင်း(၂)ဦးကပ်ခင်းပေါင်တို့နှစ်ဦးကိုခန့်ထားခဲ့ပါသည်။ဒေါက်တာတင်ဝင်းမှ(၂၆-၈-၂၀၁၇)နေ့ကနှုတ်ထွက်ခဲ့သဖြင့် သီးခြားလွတ်လပ်သောဒါရိုက်တာတစ်ဦးထပ်ခန့်ထားရန်မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့တင်ပြခဲ့သော်လည်းခွင့်ပြုချက်မရရှိခဲ့ သဖြင့်သီးခြားလွတ်လပ်သောဒါရိုက်တာတစ်ဦးသာရှိပါသည်။ဗဟိုဘဏ်၏သတ်မှတ်ချက်အရည်အချင်းများနှင့်ကိုက်ညီမည့် ဘဏ်လုပ်ငန်းအတွေ့အကြုံရှိပြီး အရည်အချင်းပြည့်ဝသည့်သူကိုထပ်မံခန့်ထားနိုင်ရန်စီစဉ်လျှက်ရှိပါသည်။

## ဒါရိုက်တာအဖွဲ့အစည်းအဝေးများကျင်းပခြင်း

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ(၉/၂၀၁၉)ညွှန်ကြားချက် ဖြင့်ဒါရိုက်တာအဖွဲ့အစည်းအဝေးကိုတစ်နှစ်လျှင်အနည်းဆုံး(၁၂)ကြိမ်ကျင်းပရန်ညွှန်ကြားထားသဖြင့်၂၀၁၈အောက်တိုဘာ (၁)နေ့မှ၂၀၁၉စက်တင်တာလ(၃၀)နေ့ထိဒါရိုက်တာအဖွဲ့ ပုံမှန်လပတ်အစည်းအဝေး(၁၂)ကြိမ်၊အထူးအစည်းအဝေး (၂)ကြိမ်ကျင်းပခဲ့ပါသည်။ဒါရိုက်တာအဖွဲ့ချေးငွေကော်မတီအစည်းအဝေး( ၄၆ )ကြိမ်ကျင်းပခဲ့ပါသည်။

## ဒါရိုက်တာအဖွဲ့ဝင်များနှုတ်ထွက်လွှာတင်ခြင်း

၁။ဒါရိုက်တာဦးနေလင်းဦးမှ (၂၁-၉-၂၀၁၈)နေ့တွင်ကျင်းပသည့်ဒါရိုက်တာအဖွဲ့( ၉/၂၀၁၈)အစည်းအဝေး တွင်နှုတ်ထွက်လွှာတင်ခဲ့သည့်အတွက်ဒါရိုက်တာအဖွဲ့မှခွင့်ပြုခဲ့ပါသည်။

၂။ဒါရိုက်တာဒေါ်လှလှရီမှ( ၉-၅-၂၀၁၉)နေ့တွင်နှုတ်ထွက်ခွင့်တင်ခဲ့ပါသည်။ဒေါ်လှလှရီမှအာမခံထားသူသည် အာမခံအဆောက်အဦရောင်းပြီးချေးငွေပေးဆပ်ရန်စီစဉ်လျှက်ရှိပါသည်။

၃။ဒါရိုက်တာဦးဖြိုးလှဝေမှ( ၂၅-၅-၂၀၁၉)နေ့တွင်နှုတ်ထွက်ခွင့်တင်ခဲ့ပါသည်။ဦးဖြိုးလှဝေသည်မြတ်မင်းကုမ္ပဏီ ၏မန်းနေဂျင်းဒါရိုက်တာဖြစ်ပြီးဘဏ်ချေးငွေကိုပေးဆပ်ရန်အာမခံထားသူဖြစ်ပါသည်။မြတ်မင်းကုမ္ပဏီမှအရစ်ကျပြန် ပေးဆပ်ရမည့်ချေးငွေအရင်းများကိုပေးဆပ်ရန်ပျက်ကွက်လျှက်ရှိပါသည်။

(၂၅-၅-၂၀၁၉)နေ့တွင်ကျင်းပသည့်ဒါရိုက်တာအဖွဲ့(၅/၂၀၁၉)အစည်းအဝေးမှနုတ်ထွက်စာတင်ထားသည့် ဒေါ်လှလှရီနှင့်ဦးဖြိုးလှဝေတို့အားငှင်းတို့တာဝန်ယူအာမခံထားသည့်ချေးငွေများကိုအပြေအလည်ပေးဆပ်ပြီးမှနုတ်ထွက်ခွင့်ပြုရန်တစ်ညီတစ်ညွတ်တည်းဆုံးဖြတ်ခဲ့ကြပါသည်။

## အချိန်ပြည့်တာဝန်ထမ်းဆောင်သည့်ဒါရိုက်တာများ

အချိန်ပြည့်တာဝန်ထမ်းဆောင်သည့်ဒါရိုက်တာအဖွဲ့ဝင်များမှာ (၁) ဒေါက်တာစိန်မောင်(ဥက္ကဋ္ဌ)(၂)ဒေါ်လှလှဝင်း (အတွင်းရေးမှူး) (၄) ဒေါက်တာအောင်မင်း(ဒါရိုက်တာ CIO)(၃)ဦးမြင့်ဇော်(အမှုဆောင်အရာရှိချုပ်)တို့ဖြစ်ကြပါသည်။

## အချိန်ပြည့်ဒါရိုက်တာများကိုချီးမြှင့်သည့်လစာနှင့်ခံစားခွင့်များ

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက်အချိန်ပြည့်တာဝန်ထမ်းဆောင်သည့်ဒါရိုက်တာများကိုချီးမြှင့်သည့်လစာစရိတ်ခံစားခွင့်များနှင့်ဧည့်ခံစရိတ်စုစုပေါင်းမှာ**ကျပ်၁၅၆. ၂၁သန်း**ဖြစ်ပါသည်။

## အချိန်ပိုင်းဒါရိုက်တာများနှင့်ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများကိုချီးမြှင့်ငွေ

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက်ဘဏ်ခွဲများတွင်အချိန်ပိုင်းကြီးကြပ်သည့်ဒါရိုက်တာများနှင့်အကြံပေးများ၏ခံစားခွင့်စရိတ်များနှင့်အစည်းအဝေးထိုင်စရိတ်များစုစုပေါင်းမှာ**ကျပ် ၂၃. ၀၄သန်း**ဖြစ်ပါသည်။

## ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများဖွဲ့စည်းထားရှိခြင်း

နယ်ဘဏ်ခွဲများတွင်ဒါရိုက်တာများ၊အကြံပေးများနှင့်မြို့ပေါ်မှဂုဏ်သရေရှိလူကြီးများ၊စီးပွားရေးလုပ်ငန်းရှင်များအစုရှင်များပါဝင်သောဘဏ်ခွဲကြီးကြပ်ရေး ကော်မတီများကိုဖွဲ့စည်းထားရှိပါသည်။ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများသည်ဘဏ်ခွဲရှိချေးငွေလျှောက်ထားသူများ၏စီးပွားရေးလုပ်ငန်းအခြေအနေ၊အာမခံအဆောက်အဦများကိုအနီးကပ်စစ်ဆေးပေးပြီးထုတ်ချေးပေးနိုင်မည့်ချေးငွေပမာဏကိုထောက်ခံတင်ပြပေးပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်းဘဏ်ခွဲကြီးကြပ်ရေးကော်မတီများ၏ အစည်းအဝေးထိုင်စရိတ်စုစုပေါင်းမှာ **ကျပ် ၉. ၁၈သန်း**ဖြစ်ပါသည်။

# ကော်မတီများဖွဲ့စည်းထားရှိခြင်း

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များအရ ဒါရိုက်တာအဖွဲ့သည်ဒါရိုက်တာအဖွဲ့ဝင်များနှင့်အကြီးတန်းစီမံခန့်ခွဲသူအရာထမ်းများပါဝင်သောအောက်ပါကော်မတီများကိုဖွဲ့စည်း၍ဘဏ်လုပ်ငန်းအဝဝကိုကြီးကြပ်ကွပ်ကဲလျှက်ရှိပါသည်။

## (၁)ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ (Risk Management Committee)

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီကို(၁)ဒေါက်တာစိန်မောင်(ဥက္ကဋ္ဌ) (၂)ဒေါ်လှလှဝင်း(အမှုဆောင်ဒါရိုက်တာ) (၃)ဦးမြင့်ဇော်(အမှုဆောင်အရာရှိချုပ်)(၄)ဒေါ်မိမိနိုင်(အထွေထွေမန်နေဂျာ)(စာရင်းဌာန/နိုင်ငံခြားဘဏ်လုပ်ငန်း) (၅)ဒေါ်စိုးစိုးဝင်း(အထွေထွေမန်နေဂျာ)(ချေးငွေဌာန)(၆)ဦးအောင်မျိုးထွဋ်(အထွေထွေမန်နေဂျာ)(ငွေကြေးဌာန)(၇) ဦးမျိုးမင်းချို(အထွေထွေမန်နေဂျာ)(မိုဘိုင်းဘဏ်လုပ်ငန်းဌာန)တို့ဖြင့်ဖွဲ့စည်းထားပါသည်။

## (၂)ချေးငွေကော်မတီ (Credit Committee)

ဒါရိုက်တာအဖွဲ့သည်(၂၆-၈-၂၀၁၈)နေ့တွင်ပြုလုပ်သည့် ၁/၂၀၁၈ကြိမ်မြောက်အထူးအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဒါရိုက်တာများအားလုံးပါဝင်သောချေးငွေကော်မတီကိုဖွဲ့စည်းထားပါသည်။ချေးငွေကော်မတီ၏စည်းမျဉ်းသတ်မှတ်ချက်အရချေးငွေကော်မတီအစည်းအဝေးကိုအနည်းဆုံးဒါရိုက်တာ(၅)ဦးတက်ရောက်ရမည်ဖြစ်ပြီးကော်မတီ၏ဆုံးဖြတ်ချက်၊ထောက်ခံချက်များနှင့်ချေးငွေပမာဏကျပ်သိန်း(၅၀)ထက်ကျော်လွန်ပါက အနီးဆုံးဒါရိုက်တာဖွဲ့အစည်းအဝေးသို့တင်ပြအတည်ပြုချက်ရယူရပါသည်။

**လစာချီးမြှင့်ရေးကော်မတီ (Remuneration Committee)**

လစာချီးမြှင့်ရေးကော်မတီကိုဒါရိုက်တာများဖြစ်ကြသော (၁)ဦးထွန်းဆိုင်(ဥက္ကဋ္ဌ)(၂)ဒေါ်လှလှဝင်း(အဖွဲ့ဝင်)(၃)ဦးကောင်း (အဖွဲ့ဝင်)(၄)ဦးမျိုးထွန်း(အဖွဲ့ဝင်)(၅)ဦးမြင့်လွင်(အဖွဲ့ဝင်)(၆)ဒေါက်တာတင်ကြည်(အဖွဲ့ဝင်) ဖြင့်ဖွဲ့စည်းထားပါသည်။ ၎င်းကော်မတီမှဒါရိုက်တာများ၏လစာစရိတ်နှင့်ခံစားခွင့်များဆိုင်ရာကိစ္စရပ်များကိုဆုံးဖြတ်ပါသည်။

